# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁၂ ရက်၊ တနင်္လာနေ့ အတွဲ (၆၀)၊ အမှတ် (၀၁၂)


# နိုင်ငံပြင်ပသို့ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၊ ပြင်ပမဲရုံခွဲများတွင် ကြိုတင်ဆန္ဒမဲ စတင်ပေးပြီး မြန်မာသံရုံး (၂၀)၊ အဖွဲ့ရုံး (၁)ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး (၂)ရုံး၊ ပြင်ပမဲရုံ (၂)ခုတို့တွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေး

**နေပြည်တော် အောက်တိုဘာ ၁၁**

၂၀၂၀ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် နိုင်ငံပြင်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြန်မာသံရုံး (၄)ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး (၁)ရုံးနှင့် ပြင်ပမဲရုံခွဲ (၂)ခုတို့၌ မဲရုံများ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယနေ့တွင် ပြည်ပရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မြန်မာနိုင်ငံသားများက မြန်မာသံရုံး ဘဲလ်ဂရိတ်မြို့တွင် ၁၀ ဦး၊ မြန်မာသံရုံး ကူဝိတ်မြို့တွင် ၆၂ ဦး၊ မြန်မာသံရုံး ကိုလံဘိုမြို့တွင် ၂၉ ဦး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကိုလ်ကတ္တားမြို့တွင် ၁၀ ဦးတို့ လာရောက်ကြိုတင်ဆန္ဒမဲပေးခဲ့ကြပြီး ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ မြန်မာသံရုံး၌ လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၊ အင်ဒီယားနားပြည်နယ် ဖို့ဒ်ဝိန်းမြို့ရှိ ပြင်ပမဲရုံခွဲတို့၌လည်းကောင်း ကြိုတင်ဆန္ဒမဲများ စတင်ပေးခဲ့ကြကာ မြန်မာသံရုံး ဘာလင်မြို့၊ လန်ဒန်မြို့၊ အော်တာဝါမြို့၊ ဗီယင်နာမြို့၊ ဝါရှင်တန်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❖



ကူဝိတ်မြို့ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၀၉ ဦးအား ပြန်လည်ခေါ်ဆောင်ခဲ့



ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံး ဝါရှင်တန်မြို့နှင့် မြန်မာသံရုံး ဆိုးလ်မြို့တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင်အမေရိကန်ပြည်ထောင်စုမှ ၄၉ဦး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❋


အိန္ဒိယနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှု ခုနစ်သန်းကျော်လွန်လာ

နိုင်ငံတကာသတင်း စာ – ၁၂

အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာမှုနဲ့အတူ တာလီဘန်တို့၏ လွှမ်းမိုးမှု ပြန်လည်ဦးမော့လာ

နိုင်ငံတကာရေးရာ စာ – ၁၄





# တာဝန်တွဲလျက်ပါသည့် စေတနာ မေတ္တာ

ကိုဗစ်ရောဂါကဲ့သို့သော တစ်နိုင်ငံလုံးနှင့်ချီ၍ ထိခိုက်စေနိုင်သည့် ပြဿနာကြီးတစ်ခုလာတော့မည်ဟူသည့်အချိန်၊ တစ်ဖန် ထိုပြဿနာကြီးနှင့် အမှန်တကယ် နဖူးတွေ့ဒူးတွေ့ကြုံတွေ့ရသည့်အချိန်တို့တွင် ယင်းကို မည်သို့မည်ပုံ စနစ်တကျရင်ဆိုင်မည်လဲဆိုသည့် အစီအမံတို့ကို နယ်ပယ်စုံနှင့် ညှိနှိုင်းပြင်ဆင်ကြရပါသည်။

အဓိကအကျဆုံးမှာ ကျန်းမာရေးဆိုင်ရာ နားလည်ကျွမ်းကျင်သူများ၊ ဆက်နွှယ်နေသော နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ အုပ်ချုပ်ရေးနယ်ပယ်မှ စီမံခန့်ခွဲမှုရေးရာ ကျွမ်းကျင်သူများနှင့် အဆုံးအဖြတ်ပေးနိုင်သည့် ပေါ်လစီရေးရာ လုပ်ပိုင်ခွင့်ရှိသူများတို့ စုပေါင်းဆွေးနွေး ညှိနှိုင်းကြရပါသည်။

ကျန်းမာရေးဆိုင်ရာ နားလည်ကျွမ်းကျင်သူဟု ဆိုရာတွင်ပင် ဆေးပညာဆိုင်ရာ၊ ကုသမှုဆိုင်ရာတို့သာမက ရောဂါပြန့်ပွားမှုဆိုင်ရာ ပညာရှင် (Epidemiologists) တို့က ဦးဆောင်စဉ်းစားပေးရမည့် ကိစ္စများက ရှေ့တန်းရောက်ပါသည်။ ယနေ့ စစ်ဆေးတွေ့ရှိသည့် ပိုးတွေ့လူနာအရေအတွက်၊ ဒေသရှိ လူဦးရေ၊ တိုးပွားမှုနှုန်း အစရှိသည်တို့အပေါ်မူတည်ကာ နေအိမ်တွင်း၌သာ နေထိုင်ရေးလော၊ သံသယရှိသူများ ပိုးတွေ့လူနာများကို သီးခြားကန့်သတ်ထားသည့် ထိန်းချုပ်ရေးဌာနများတွင် ထားရှိရေးလော အစရှိသည့် ဆုံးဖြတ်ချက်များကအစ အပေါ်ယံဖြင့် ဆုံးဖြတ်လို့မရ။ ရောဂါကူးစက်ပြန့်ပွားမှုသာမက လူတို့၏ အလုပ်အကိုင်၊ နေ့စဉ်နေထိုင်ရေးဘဝ စားဝတ်နေရေး၊ စိတ်ဓာတ်ရေးရာ လုံခြုံမှု၊ စိတ်အတက်အကျတို့ကအစ၊ စီးပွားရေး၊ လူမှုရေး အထွေထွေဘက်စုံကို ချင့်ချိန်ရပါသည်။

ကိုဗစ်ပိုးတွင် ခန့်မှန်းလို့မရသည့် မြှုပ်ကွက်တို့က အများအပြားရှိနေ၏။ ဗိုင်းရပ်စ်ပိုး၏ မာယာများမှုကြောင့် ရောဂါလက္ခဏာ မဖော်ပြသော်လည်း ပိုးကူးစက်နိုင်သည့် အန္တရာယ်၊ အထိအတွေ့မရှိသော်လည်း ပိုးကူးစက်သွားနိုင်သည့် အန္တရာယ်၊ မည်သူ့ထံမှာ ပိုးရှိနေမှန်းမသိလိုက်ဘဲ ပိုးကူးစက်သွားနိုင်သည့်အန္တရာယ် စသည်ဖြင့် ဘက်ပေါင်းစုံမှ ခြိမ်းခြောက်နေ၏။ ထိုထိုသော ရောဂါပိုး၏ မာယာများမှုက ရောဂါပြန့်ပွားမှုဆိုင်ရာ ပညာရှင်တို့ (Epidemiologists) ပင် ရေကုန်ရေခန်း အဖြေရှာနေရဆဲဖြစ်၏။

ဤသည်က မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ဘဲ နိုင်ငံတကာတွင် ရင်ဆိုင်နေရသည်ပင်။ အချို့အောင်မြင်၊ အချို့မအောင်မြင်၊ အချို့အောင်မြင်နေသယောင်။

မြန်မာနိုင်ငံက အခြေခံအဆောက်အအုံအားနည်းမှု၊ မပြည့်စုံမှုတို့က ရှိနေသည်။ အဆောက်အအုံနေရာဌာန၊ ဆေးဝါးမှအစ ကျန်းမာရေးဝန်ထမ်းအင်အားထိ အမှန်တကယ်လုံလောက်သည့် အရေအတွက် ပြည့်မီဖို့ အခက်အခဲရှိနေသည်။ ရှိသည့်အင်အားကို မျှတအောင်၊ နှံ့အောင် စီမံခန့်ခွဲရသည်ကပင် လွယ်ကူသည်မဟုတ်။ သည်လိုထဲတွင် ကျန်းမာရေးဝန်ထမ်းများကို ပိုးကူးစက်ခံရသည့်အတွက် သီးခြားကန့်သတ်ထားရ၍ အင်အားလျော့ပါးမှုကလည်း ရှိနေသည်။ ပြဿနာကြီးထွားသည်နှင့်အမျှ လူ့စွမ်းအားရင်းမြစ် အင်အားလိုအပ်မှုက ကြီးထွားလာနေသည်။

ဥပမာအားဖြင့် ပိုးစစ်ဆေးရန် နှာခေါင်းတို့ဖတ်နှင့် အာခေါင်တို့ဖတ် ယူရသည်ဆိုလျှင်ပင် နမူနာယူရုံမျှနှင့် ပြီးသည်မဟုတ်ဘဲ ယူထားသည့် နမူနာကို မည်သူ့ထံမှ၊ မည်သည့်အချိန်က၊ မည်သည့်နေရာက အစရှိသည့် အချက်အလက်တို့ကို မှတ်တမ်းတင်ရ၏။ ထိုမှတ်တမ်းကို နမူနာပစ္စည်း ပါဝင်သည့် ဘူးပေါ်တွင် တံဆိပ်ကပ်ရန် မလွဲမှားရန် အဆင့်ဆင့်လုပ်ရ၏။ စစ်ဆေးပြီးအဖြေကို ပြန်လည်ရရှိသည့်အခါ မူလမှတ်တမ်းဖြင့် တိုက်ဆိုင်စစ်ဆေးကာ ထိုသူ့ကို ရှာဖွေ အကြောင်းကြားရသည်။ အလုပ်အစီအစဉ်က အလွန်အမင်း များပြားလှသည်ဟု မဆိုနိုင်သော်လည်း စစ်ဆေးရသည့် ဦးရေနှင့် စစ်ဆေးပေးမည့်သူ၊ မှတ်တမ်းတင်ပေးမည့်သူ၊ နမူနာများကို စုစည်းပေးပို့ရသူ စသည်ဖြင့် ဆောင်ရွက်လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုနှင့် လူအင်အားကို လိုအပ်သည်က အမှန်ပင်ဖြစ်ပါသည်။

ဤသည်က မြောက်မြားလှစွာသော ကိစ္စများထဲက ကိစ္စတစ်ခုအနေမျှသာ ဖော်ပြခြင်းဖြစ်ရာ များစွာသောအခြားဆောင်ရွက်စရာတို့ ရှိနေသည်ကို နားလည်နိုင်ပါသည်။ ကုသရေးပိုင်းသာမက၊ ပိုးတွေ့သူများ၊ သံသယရှိသူများကို သီးခြားထားရှိရာတွင် စားရေး၊ သောက်ရေးမှအစ အိပ်ရာအနေအထိုင်မှအစ၊ အိမ်သာရေချိုးခန်းမှအစ၊ သောက်ရေသုံးရေ ရရှိရေး၊ အညစ်အကြေးစွန့်ထုတ်ရေး အစစသောကိစ္စများစွာကို ဖြေရှင်းနေကြရပါသည်။

ထိုထိုမျှသော ကိစ္စအဝဝကို ရှိသမျှသော ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်း၊ စေတနာ့ဝန်ထမ်း ကူညီသူ အစုစုနှင့် မည်သို့ ရုန်းကန်လှုပ်ရှား ဖြေရှင်းနေရမည်ကို စာနာမိနိုင်ကြပါသည်။ ယခု ဖြေရှင်းနေကြရာတွင် တာဝန်ကျေပွန်ရုံ လုပ်နေကြရသည်မကဘဲ စေတနာရော မေတ္တာပါ တွဲလျက် ရေကုန်ရေခန်း ကြိုးစားနေကြရခြင်းဖြစ်၍ ပြည်သူလူထုကလည်း ကျေးဇူးတင်ရပါသည်။

မည်သို့ပင်ဖြစ်စေ အားလုံးသည် မိမိတို့ ပြည်သူများဖြစ်လေရာ ပြည်သူလူထုကို အတတ်နိုင်ဆုံး ကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် မူကို ကိုင်စွဲကာ လူတိုင်းဝေဒနာကင်းပျောက်အောင်၊ အသက်ရှင်သန်အောင်၊ နောက်ထပ်ကူးစက်မှုများ တိုးပွားမလာအောင် အင်အားရှိသမျှ အတတ်နိုင်ဆုံး ဝိုင်းဝန်းစောင့်ရှောက် ကူညီဆောင်ရွက်ကြရမည်သာ ဖြစ်ပါကြောင်း။ ။

# နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID–19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း–Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌–

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသောရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခြွင်းချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID–19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# နေပြည်တော်ရှိ ဆွမ်းအခက်အခဲရှိသော ပရိယတ္တိစာသင်တိုက်များအား ဆုလာဘ်ပိုင်ဖောင်ဒေးရှင်းက ပထမအကြိမ်အဖြစ် ထောက်ပံ့လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၁၁**

ဗောဓိရိပ်ငြိမ်တောရဆရာတော်ကြီးအား ဦးထိပ်ထား၍ ဆုလာဘ်ပိုင်ဖောင်ဒေးရှင်းက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန် ဆွမ်းအခက်အခဲရှိသည့် နေပြည်တော်အတွင်းမှ ပရိယတ္တိစာသင်တိုက်ကြီးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက်များသို့ ကာလဒါနအလှူငွေများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**လှူဒါန်းပေး**

အလှူအစီအစဉ်၏ ပထမဆုံးကုသိုလ်များအဖြစ် လယ်ဝေးမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များ အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၂၂ ကျောင်းမှ သံဃာတော် ၁၁၄၈ ပါးနှင့် သီလရှင်ကျောင်းပေါင်း ၂၀ မှ သာသနာ့နွယ်ဝင် သီလရှင် အပါး ၉၀၀ ကျော်အတွက် ဆန်အိတ် ၁၀၀၊ စားသုံးဆီနှင့် ကျန်းမာရေးအထောက်အပံ့ပစ္စည်းများ၊ ဆုလာဘ်ပိုင်နှင့် ထီမင်းထီးမင်းထီဆိုင်များမှ အောင်ဘာလေထီလက်မှတ်များ စုစုပေါင်းငွေကျပ်သိန်း ၅၀ ကျော်ကို လှူဒါန်းပေးခဲ့ကြောင်း ဆုလာဘ်ပိုင်ဖောင်ဒေးရှင်းမှ သိရသည်။

အပတ်စဉ်နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များအားလုံးမှ ရဟန်းသံဃာတော်များ သီတင်းသုံးရာ ကျောင်းတိုက်အသီးသီးနှင့် သီလရှင်ကျောင်းတိုက်များသို့လည်း ဆက်လက် လှူဒါန်းပေးသွားမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း နေပြည်တော်အတွင်းရှိ ဆွမ်း၊ ကွမ်း အခက်အခဲကြုံတွေ့နေရသည့် ရဟန်း၊ သီလရှင်များ၊ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများ ရှိပါကလည်း ဆုလာဘ်ပိုင်ဖောင်ဒေးရှင်း ဖုန်းနံပါတ်– ၀၉၄၂၉၂၁၇၁၇၄၊ ၀၉ ၄၀၅၃၂၅၅၀၀ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။ **ကေ–ဂျူဝယ်လ်**

## ဆားလင်းကြီး၌ မဲရုံ ၉၆ ရုံထားရှိမည်

**ဆားလင်းကြီး အောက်တိုဘာ ၁၁**

၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်၌ မဲရုံပေါင်း ၉၆ ရုံထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆားလင်းကြီး မြို့နယ်တွင် မြို့ပေါ် ရပ်ကွက် သုံးရပ်ကွက်အပါအဝင် ကျေးရွာအုပ်စု ၄၂ အုပ်စု၊ ကျေးရွာပေါင်း ၁၅၀ ရွာမှ မဲဆန္ဒရှင်လူဦးရေ ၁၀၆၂၉၇ ဦး ဖြစ်ကြောင်း သိရသည်။

ဦးငယ်
(ဆားလင်းကြီး)



# ပြည်သူသာလျှင် အဓိက

## မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ် အား ဘယ်လ်ဂျီယံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် အောက်တိုဘာ ၁၂**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘယ်လ်ဂျီယံ သံအမတ်ကြီး မစ္စတာ ဖိလစ်ပီ ကာရ်လ်ဒီကာ၏ နေရာတွင် မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ် အား ၁၉၇၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘယ်လ်ဂျီယံနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံရေးသိပ္ပံအထူးပြုဖြင့် မဟာဘွဲ့ကိုရရှိခဲ့ပြီး ၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဘယ်လ်ဂျီယံနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ရိုဘီ၊ ကီဂါလီနှင့် ဗီယင်နာမြို့များရှိ ဘယ်လ်ဂျီယံသံရုံးများနှင့် အဖွဲ့ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အီဂျစ်နှင့် ဆူဒန်နိုင်ငံဆိုင်ရာ ဘယ်လ်ဂျီယံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စ စီဘီးလ် ဒီ ကာတီယေး ဒီးဗ် သည် ပြင်သစ်၊ အင်္ဂလိပ်၊ ဒတ်ချ်၊ စပိန်၊ အီဂျစ်နှင့် ဂျာမန်ဘာသာစကားတို့ကို တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦး ရှိသည်။

**သတင်းစဉ်**

## ဦးဟောက်ခန့်ဆုမ်းအား ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်းအား ကနေဒါနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။

**သတင်းစဉ်**



ရောမမြို့ မြန်မာသံရုံးတွင် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။



ပေကျင်းမြို့ မြန်မာသံရုံးတွင် ကြိုတင်ဆန္ဒမဲပေးရန် လာရောက်ကြသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

❖ ရှေ့ဖုံးမှ

မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့တို့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြသည်။

ထို့ပြင် သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ လာရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်း မရှိသည့် မြန်မာနိုင်ငံသားများအတွက် ပြင်ပမဲရုံခွဲများ ဖွင့်လှစ်ခဲ့ရာ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ မဲဆန္ဒရှင် ၄၁ ဦး စတင်မဲပေးခဲ့ကြပြီး၊ ဂျပန်နိုင်ငံ နာဂိုရာမြို့တွင် မဲဆန္ဒရှင် ၄၉၁ ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုဒေသတွင် မဲဆန္ဒ ရှင် ၂၅၄ ဦးတို့ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ မြန်မာသံရုံး (၁၂)ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး (၁)ရုံးတို့၌ ကြိုတင်ဆန္ဒမဲပေးခဲ့ကြရာ မြန်မာသံရုံး ဗန်ကောက်မြို့၌ မဲဆန္ဒရှင် ၃၀၀၀ ခန့်၊ မြန်မာသံရုံး ပေကျင်းမြို့၌ မဲဆန္ဒရှင် ၈၂ ဦး၊ မြန်မာသံရုံး ကင်ဘာရာမြို့၌ မဲဆန္ဒရှင် ၄၃ ဦး၊ မြန်မာသံရုံး ဂျကာတာမြို့၌ မဲဆန္ဒရှင် ၁၆ ဦး၊ မြန်မာသံရုံး ကွာလာလမ်ပူမြို့၌ မဲဆန္ဒရှင် ၉၇၂ ဦး၊ မြန်မာသံရုံး မော်စကိုမြို့၌ မဲဆန္ဒရှင် ၁၄၁ ဦး၊ မြန်မာသံရုံး နယူးဒေလီမြို့၌ မဲဆန္ဒရှင် ၃၀၊ မြန်မာသံရုံး ဖနောင်ပင်မြို့၌ မဲဆန္ဒရှင် ၁၁၃ ဦး၊ မြန်မာသံရုံး ရောမမြို့၌ မဲဆန္ဒရှင် ၂၄ ဦး၊ မြန်မာသံရုံး ဆိုးလ်မြို့၌ မဲဆန္ဒရှင် ၁၁၁၄ ဦး၊ မြန်မာသံရုံး စင်ကာပူမြို့၌ မဲဆန္ဒရှင် ၁၈၀၀ ခန့်၊ မြန်မာသံရုံး တိုကျိုမြို့၌ မဲဆန္ဒရှင် ၁၅၄ ဦး၊ မြန်မာသံရုံး ဗီယင်ကျန်းမြို့၌ မဲဆန္ဒရှင် ၂၀ ဦး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချင်းမိုင်မြို့တွင် မဲဆန္ဒရှင် ၂၂၆ ဦးတို့ ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြသည်။

ယမန်နေ့ကလည်း ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ ကြိုတင်ဆန္ဒမဲများပေးခဲ့ကြသည့် မြန်မာသံရုံးများမှ သတင်းပေးပို့ချက်အရ မြန်မာသံရုံး ဘာလင်မြို့တွင် မဲဆန္ဒရှင် ၅၇ ဦး၊ မြန်မာသံရုံး အော်တာဝါမြို့တွင် မဲဆန္ဒရှင် ၁၈ ဦး၊ မြန်မာသံရုံး အော်စလိုမြို့တွင် မဲဆန္ဒရှင် ၂၁ ဦး၊ မြန်မာသံရုံး ရောမမြို့တွင် မဲဆန္ဒရှင် ၃၅ ဦး၊ မြန်မာသံရုံး ဗီယင်နာမြို့တွင် မဲဆန္ဒရှင် ၃၈ ဦး၊ မြန်မာသံရုံး ဝါရှင်တန်မြို့တွင် မဲဆန္ဒရှင် ၁၂၆ ဦး၊ မြန်မာသံရုံး လန်ဒန်မြို့တွင် မဲဆန္ဒရှင် ၂၄၆ ဦး၊ မြန်မာသံရုံး ကိုင်ရိုမြို့တွင် မဲဆန္ဒရှင် သုံးဦး၊ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့၊ ဂျီနီဗာမြို့တွင် မဲဆန္ဒရှင် ၄၆ ဦး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံး နယူးယောက်မြို့တွင် မဲဆန္ဒရှင် ၁၅၇ ဦး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး လော့စ်အိန်ဂျယ်လိစ်မြို့တွင် မဲဆန္ဒရှင် ၁၈၃ ဦးနှင့် မြန်မာသံရုံး ပါရီမြို့တွင် မဲဆန္ဒရှင် ၁၄ ဦး စုစုပေါင်း ၉၄၄ ဦး ဆန္ဒမဲများ ပေးခဲ့ကြသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲ လာရောက်ပေးသူများအား သက်ဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးနှင့်စပ်လျဉ်း၍ ချမှတ်ထားသော စည်းကမ်းများနှင့်အညီဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။



ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် မြန်မာနိုင်ငံသား တစ်ဦး ကြိုတင်ဆန္ဒမဲ ပေးနေစဉ်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံး (၂၃)ရုံး၊ အဖွဲ့ရုံး (၁) ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး (၃)ရုံးနှင့် ပြင်ပမဲရုံခွဲ (၃)ခုတို့တွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြရာ မဲဆန္ဒရှင် စုစုပေါင်း ၈၆၄၂ ဦးနှင့် အောက်တိုဘာ ၁၀ ရက်တွင် ဒေသဆိုင်ရာ စံတော်ချိန်များနှင့်အညီ မြန်မာသံရုံး (၂၇)ရုံး၊ အဖွဲ့ရုံး (၂)ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး (၂)ရုံး၊ ပြင်ပမဲရုံခွဲ(၄)ခုတို့တွင် ကြိုတင်ဆန္ဒမဲများ လာရောက်ပေးခဲ့ကြသည့် မဲဆန္ဒရှင် စုစုပေါင်း ၈၃၃၅ ဦး ဆန္ဒမဲများပေးခဲ့ကြပြီး အလုပ်ပိတ်ရက်များဖြစ်သည့် စနေနေ့နှင့် တနင်္ဂနွေနေ့တို့တွင် ပြင်ပမဲဆန္ဒရှင် စုစုပေါင်း ၁၆၉၇၇ ဦး ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

✻ ရှေ့ဖုံးမှ

ကိုရီးယားသမ္မတနိုင်ငံမှ ဖ၀ ၊ မြန်မာနိုင်ငံသား စုစုပေါင်း ၁၀၉ ဦး လိုက်ပါခဲ့ကြပါသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက်နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ အမေရိကန်ပြည်ထောင်စုရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအတွက် ရည်ရွယ်လျက် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ကယ်ဆယ်ရေးလေယာဉ် (၆) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပပျောက်စေရန် ပရိတ်ကြီး ၁၁ သုတ်အား အကြိမ်ရေ ၂၀၂၁ ကြိမ်ထိ ရွတ်ဖတ်ပူဇော်ခြင်းနှင့် မြို့တွင်းသို့ ပရိတ်ရေများ လှည့်လည်ပက်ဖျန်းပူဇော်ခြင်း အစီအစဉ်များဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးမြို့တွင် ကိုဗစ်-၁၉ ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပပျောက်စေရန် မြတ်ဗုဒ္ဓ၏ ပရိတ်ကြီးပါဠိတော် ၁၁ သုတ် ရွတ်ဖတ်ပူဇော်ပွဲနှင့် မြို့တွင်းသို့ ပရိတ်ရေပက်ဖျန်းခြင်းများ ဆောင်ရွက်ရန် ဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် ညနေ ၄ နာရီက မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးများအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

အဆိုပါ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့မှ ဦးဆောင်၍ အောက်တိုဘာ ၁၀ ရက်မှ စတင်ကာ မဟာပဋ္ဌာန်းဟောရွှေသိမ်တော်၌ ၁၀ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားမှ ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါး အပါအဝင် ဝိဘဇ္ဇဝါဒီကျောင်းတိုက်မှ ပင့်သံဃာအပါး ၃၀ တို့က တစ်နာရီလျှင် သံဃာသုံးပါးဖြင့် ပရိတ်ကြီး ၁၁ သုတ်အား အကြိမ် ၂၀၂၁ ကြိမ်အထိ နေ့ည ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်သည်။



ယင်းဖွင့်ပွဲတွင် နန်းတော်ရှေ့ ခင်မကန်ကျောင်းတိုက် ဆရာတော်ထံမှ မဟာသကျဂေါပက အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ဒေသပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူဆောက်တည်ကြခြင်း၊ ပရိတ်တရားတော်များ နာယူကြည်ညိုကြခြင်း၊ ဂေါပကဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာသုဓမ္မာ ဦးကျော်ဝင်းက ပရိတ်ရွတ်ဖတ်ပူဇော်ရခြင်းအကြောင်း ရှင်းလင်းလျှောက်ထားခြင်း၊ ဆရာတော်ကြီးများအား လှူဖွယ်သင်္ကန်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်ခြင်းနှင့် ရေစက်ချတရားများ နာယူကြည်ညိုကြခြင်းများကို ဆောင်ရွက်ပြီးနောက် အစီအစဉ်အတိုင်း သံဃာတော်သုံးပါးမှ ပရိတ်ကြီး ၁၁ သုတ်ကို စတင်ရွတ်ဖတ်ပူဇော်ကြသည်။

ထို့ပြင် မြို့နယ်များအလိုက် ပရိတ်တရားတော်များ လှည့်လည် ရွတ်ဖတ်ပူဇော်သည့်အခါတွင်လည်း ပရိတ်ရေပက်ဖျန်းခြင်းကို နေ့စဉ် ပရိတ်ရွတ်ဖတ်ပူဇော်ပြီးသော ပရိတ်ရေများနှင့် ဘုရားကြီး၏ မျက်နှာသစ်တော် အမွှေးနံ့သာရည်များဖြင့် လှည့်လည်ပက်ဖျန်းမည့် မော်တော်ယာဉ်ပေါ်ရှိ ရေကန်အတွင်းထည့်၍ မန္တလေးခရိုင်အတွင်း ခုနစ်မြို့နယ်သို့ အောက်တိုဘာ ၁၁ ရက်မှ ၂၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၁၀ နာရီအထိလည်းကောင်း၊ ညနေ ၅ နာရီမှ ည ၈ နာရီအထိ လည်းကောင်း တစ်နေ့လျှင် နှစ်ကြိမ် သတ်မှတ်ကာ အစီအစဉ်များအတိုင်း အန္တရာယ်ကင်း ပရိတ်ရေများ လှည့်လည်ပက်ဖျန်းသွားမည် ဖြစ်သည်။

ယခုပြုလုပ်သည့် အစီအစဉ်သည် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ရောဂါ ဘေးအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက ဘုရားကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် မြို့နယ်သံဃနာယက ဆရာတော်ကြီးများထံ လျှောက်ထားဩဝါဒခံယူ၍ ပြည်သူပြည်သားများ စိတ်အေးချမ်းသာစွာဖြင့် ကပ်ရောဂါဘေးအပေါင်းမှ ကင်းဝေးစေရန် စီစဉ်ဆောင်ရွက်ခြင်းလည်းဖြစ်ကာ ရွတ်ဖတ်ပူဇော်ရာတွင် လူစုလူဝေး ဒေသပရိသတ်များမရှိစေရန်နှင့် ရွတ်ဖတ်မည့် ဆရာတော် သုံးပါးကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ရောဂါကာကွယ်ရေး စည်းကမ်းသတ်မှတ်ချက်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလထုတ် သုတပဒေသာစာစောင်ထွက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

၁၉၇၃ ခုနှစ်၊ ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "ကုလသမဂ္ဂ (၇၅) နှစ်ပြည့်အထိမ်းအမှတ်" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (အောက်တိုဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာဆင်ဖြူကျွန်းသန်းထွန်း၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ နော်ရထာဝင်းတို့၏ "ကုလသမဂ္ဂ(၇၅)နှစ်ပြည့်အထိမ်းအမှတ်" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ မောင်ပေါ်ထွန်း၊ ပါမောက္ခ ဦးသိန်းလှိုင်၊ ထင်ဇော်မှူးသင်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ဆောင်းဝင်းလတ်၊ စိုးနိုင်ထွန်း(ကနီ)၊ ရဲထက်ဇော်တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ ရဲရင့်နဒီ၊ လင်းထက်သော်တာတို့၏ လူကုန်ကူးမှုနှင့် ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ မောင်ကျေးရေ(ဦးမြင့်သိန်း)တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ အေးဖြူ၊ ဒေါက်ထွေး(ဆေး/မန်း)၊ ဒေါက်တာမြင့်သန်း(သန္တေသား)တို့၏ သိပ္ပံနည်းပညာနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ စိုးစိုး(ပန်းတောင်း)၊ မောင်ကျေးဇူး၊ ဆူးထက်အောင်၊ ကိုဇော်ငွေး(ယဉ်ကျေးမှု)၊ အိမ္ဗွန်သုန်(မန်းတက္ကသိုလ်)၊ အမရာလင်း၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်းစာအုပ်ဖြန့်ချိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊ သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ) ပထမဆုရ စာရေးဆရာ "ကိုတူး (သာယာမြိုင်)" ရေးသားသည့် "ပိုးဇာပုံနှိပ်လုပ်ငန်း အသက်မွေးဝမ်းကျောင်းအတတ်ပညာ" စာအုပ်ကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မလှိုင်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းတော့မည်

**မိတ္ထီလာ အောက်တိုဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။



မလှိုင်မြို့နယ်တွင် ကျေးရွာ ၂၄၇ ရွာ ရှိသည့်အနက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၁၆၆ ရွာ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီးဖြစ်ရာ မြို့နယ်အတွင်း လျှပ်စစ်မီးလင်းရန် ကျန်ရှိသော ကျေးရွာ ၈၁ ရွာ ရှိသည့်အနက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ကျေးရွာ ၂၀၊ အလှူရှင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာ ၁၈ ရွာ၊ တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျေးရွာ ကိုးရွာ ၊ တိုင်းဒေသကြီး ပိုလျှံရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာတို့ကို လျှပ်စစ်မီးလင်းနိုင်ရန် ဧပြီလမှ စတင်၍ တင်ဒါအောင်မြင်သည့် ကန်တော်ကြီး ကုမ္ပဏီ၊ Tower Battry ကုမ္ပဏီနှင့် Well done ကုမ္ပဏီများက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှ ကျေးရွာ ၆၀ တွင် တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးပြီဖြစ်၍ ၎င်းကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေး ခရိုင်လျှပ်စစ် မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် စီတီမီတာများဖြင့် ကျေးရွာ ၃၃ ရွာ လျှပ်စစ်မီးလင်းနိုင်ခဲ့ပြီးဖြစ်သည်။ ၎င်းအပြင် လျှပ်စစ်မီးလင်းရန် ကျန်ရှိသော ကျေးရွာ ၂၇ ရွာတွင်လည်း ကျေးရွာတွင်းလမ်း ၄၀၀ ဗို့အားလိုင်းများ တည်ဆောက်ဆဲဖြစ်၍ အဆိုပါကျေးရွာများ လျှပ်စစ်မီးအမြန်ဆုံးမီးလင်းနိုင်ရေး သက်ဆိုင်ရာ ကျေးရွာ မီးလင်းရေးကော်မတီများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မလှိုင်မြို့နယ်အနေဖြင့် ကျေးရွာ ၂၁၈ ရွာ မီးလင်းနိုင်မည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်းရှိ လျှပ်စစ်မီးလင်းရန် ကျန်ရှိသော ကျေးရွာများ မီးလင်းနိုင်ရေး လျာထားပြီးဖြစ်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာအားလုံး ၁၀၀ ရာခိုင်နှုန်း လျှပ်စစ်မီးလင်းနိုင်တော့မည် ဖြစ်ကြောင်း မလှိုင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး လက်ထောက်မန်နေဂျာ ဦးကျော်စိုးဝင်း (အင်ဂျင်နီယာ)က ပြောသည်။**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကမ်းနီး/ကမ်းဝေး ငါးဖမ်းရေယာဉ်များ သတိပြုပါရန်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန် သတ်မှတ်ထားသည့် တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၃-၂၀၂၀) ရက်စွဲပါ ညွှန်ကြားချက်အမှတ်-၂/၂၀၂၀ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်။ ယနေ့ညနေ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ညနေ (၁၅:၃၀)နာရီအချိန်တွင် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်(Depression) သည် နောက် ၂၄ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ် (Deep Depression) အဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အောက်တိုဘာ ၁၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

သို့ပါ၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ကင်းဝေးစေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော ရာသီဥတုဆိုးရွားချိန်များတွင် ခိုလှုံခွင့်ပြုသည့် နေရာများတွင် ခိုလှုံသွားပါရန်နှင့် ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း ဖြူးမြို့နယ်တွင် မြေယာတိုင်ကြားစာနှင့်ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ပေး




**ပဲခူး အောက်တိုဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီက ဖြူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေ၊ ဖြူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းထွေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် အတူ ဖြူးမြို့နယ် ကြက်ပေါင်ချောင်း ကျေးရွာအုပ်စု လေးအိမ်စုကျေးရွာနေ ဒေါ်ငွေးရီပါ နှစ်ဦး၏ မြေယာတိုင်ကြားစာနှင့်ပတ်သက်၍ စစ်ဆေးညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ဖြူးမြို့နယ် ကြက်ပေါင်ချောင်း ကျေးရွာအုပ်စု လေးအိမ်စုကျေးရွာနေ ဒေါ်ငွေးရီပါ နှစ်ဦးက အမြန်လမ်းမကြီး မိုင်တိုင်(၁၁၆/၃)ဖာလုံ၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် ၅၆ ဧရိယာ ၂၅ ဧကကို ဘိုးဘွားစဉ်ဆက်ပိုင် မူလဓားမဦးချမြေအား ပြန်လည်ချထားပေးရန်နှင့် မြေသိမ်းဥပဒေနှင့်အညီ ထိခိုက်နစ်နာမှု မရှိစေရေးအတွက် မှန်ကန်စွာဖြေရှင်းပေးပါရန် တင်ပြလာမှုအပေါ် စစ်ဆေးဆောင်ရွက်ရာတွင် ဖြူးမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ် သစ်တောဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန တာဝန်ရှိသူများက မြေယာအမှုတွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ တိုင်ကြားသူ ဒေါ်ငွေးရီပါ နှစ်ဦးက မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်၍ တင်ပြခြင်းများပြုလုပ်ကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ပေးအပ်လှူဒါန်းခဲ့**

ယင်းနောက် ဖြူးမြို့နယ် ဇေယျဝတီမြို့နေ အလှူရှင် B.Sc တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး မိသားစုက ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## သံတွဲမြို့နယ်၌ CERP အစီအစဉ်ဖြင့်ဆောင်ရွက်သည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**သံတွဲ အောက်တိုဘာ ၁၁**

ကိုဗစ် - ၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် (CERP) အရ နိုင်ငံတော်အစိုးရမှ ကျေးလက်နေပြည်သူများတွေ့ကြုံရသော စီးပွားရေးအခက်အခဲများကို ဖြေရှင်းရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း ကျေးရွာမတည်ရန်ပုံငွေ (VRFP) စီမံကိန်းဖြင့် ကျေးရွာ လေးရွာ၊ Cash For Work စီမံကိန်းဖြင့် ကျေးရွာ ၁၈ ရွာ၊ စုစုပေါင်းစီမံကိန်း ကျေးရွာ ၂၄ ရွာ ဆောင်ရွက်လျက်ရှိရာ ယခုအခါ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာမတည်ရန်ပုံငွေဖြင့် ကျေးရွာလေးရွာတွင် ငွေကျပ်သန်း ၈၀ ရန်ပုံငွေထုတ်ချေးပေးခြင်းနှင့် Cash For Work စီမံကိန်း ၁၈ ရွာတွင် ထောက်ပံ့ ရန်ပုံငွေကျပ်သန်း ၁၈၀ ကို ထောက်ပံ့ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်သောလုပ်ငန်းများမှာ ရေပြွန်တည်ဆောက်ခြင်း လုပ်ငန်း ခုနစ်ခု၊ Box Culvert တည်ဆောက်ခြင်းလုပ်ငန်း ရှစ်ခု၊ ချောင်းသဲကျောက်ခင်းခြင်းလုပ်ငန်း ၁၄ ခု၊ မြေသားရေမြောင်း တူးဖော်ခြင်းလုပ်ငန်း ၁၃ ခု၊ ရေပေးရေးလုပ်ငန်း လေးခု၊ အခြားလုပ်ငန်း တစ်ခု၊ စုစုပေါင်း လုပ်ငန်းခွဲပေါင်း ၄၇ ခုတို့ကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုအပ်သော နည်းပညာများပံ့ပိုးပေးပြီး ယင်းကျေးရွာများမှ ဒေသခံပြည်သူများ ဝင်ရောက်လုပ်ကိုင်စေ၍ ကိုဗစ် - ၁၉ ကာလအတွင်း ဝင်ငွေရရှိစေရန် လုပ်အားခပေးချေခြင်းစနစ်ဖြင့် ဇူလိုင်လစတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သံတွဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



## တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဒုတိယအကြိမ် ဆန်များ ဖြန့်ဖြူးရောင်းချခြင်းနှင့် စုဆောင်းငွေပေါ်အတိုးငွေများ ထုတ်ပေး

**ထားဝယ် အောက်တိုဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်က ဒုတိယအကြိမ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ထွက်ရှိသော ပေါ်ဆန်းမွှေး ၂၄ ပြည်အိတ် ၄၂၅ အိတ်၊ မြတ်သုတ အိတ် ၄၀ စုစုပေါင်း ဆန် ၄၆၅ အိတ်ကို တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်၊ လောင်းလုံးမြို့နယ်၊ ကျွန်းစုမြို့နယ် များသို့ ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် သမဝါယမအသင်းလမ်းကြောင်းမှတစ်ဆင့် အသင်းသားများသို့ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညင်းမော်ကျေးရွာ ညင်းမော် ငွေစုငွေချေးသမဝါယမအသင်းသားများသို့ ကိုဗစ်-၁၉ ကာလအတွင်း စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ် ၍ အသင်းသား ၁၄၆ ဦး၏ စုဆောင်းငွေပေါ် အတိုးငွေကျပ်သိန်း ၃၂၉၆၇၀၀ ကို အောက်တိုဘာ ၈ ရက် ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တောင်ကုတ်မြို့နယ်၌ ဆိုလာစနစ်ဖြင့်အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် အောက်တိုဘာ ၁၁**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးညီညီနှင့် ဦးထွန်းမြင့်နိုင် (အငယ်တန်းအင်/ ယာ-၂)၊ ဦးရဲဇော်လင်း (အငယ်တန်းအင်/ယာ-၃) တို့သည် ယနေ့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၄၄ ဒသမ ၈၀ သန်းဖြင့် ဆောင်ရွက်ပြီးစီးသည့် တောင်ကုတ်မြို့နယ် မိုးကျေးရွာအုပ်စု မောင်းကျေးရွာတွင် ဆိုလာစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်း ပေ ၉၃၀၀ နှင့် ရေမီတာ တပ်ဆင်ခြင်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးသည်။

ထို့အပြင် မြို့နယ်ဦးစီးမှူး ဦးညီညီနှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် ဇနီးကျေးရွာ၌ နိုင်ငံတော်၏ ကိုဗစ်-၁၉ ကုစားမှုအစီအစဉ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်းလမ်းမြေသားဖို့ခြင်း ပေ(၁၀၀၀ x ၁၂x ၁) နှင့် ချောင်းကျောက်ခင်းခြင်း ပေ ၁၀၀၀ x ၁၀ ပေ x ၄ လက်မ အား ကွင်းဆင်းစစ်ဆေးခဲ့ကာ ကျေးရွာများမှ တာဝန်ရှိသူအား ပြီးစီးခဲ့သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်သုံးစွဲရန်နှင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

## တမူးမြို့နယ် ကျေးရွာခြောက်ရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**တမူး အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် အတွင်းရှိ ကျေးရွာ ခြောက်ရွာတွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ Cash for Work စီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဇူလိုင်လအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တမူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်အတွက် ကျေးရွာတစ်ရွာလျှင် စီမံကိန်းထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စီဖြင့် ကမ္ဘာကြီးကျေးရွာတွင် ကျောင်းခြံစည်းရိုးကာရံခြင်း၊ ရေပြွန် လေးစင်း တည်ဆောက်ခြင်း၊ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ နန်မွန်းတားကျေးရွာတွင် ကျောင်းခြံစည်းရိုးကာရံခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေနန်းကျေးရွာတွင် ကျောင်းအားကစားကွင်း ပြုပြင်ခြင်းနှင့် မြောင်းကူးသစ်သားတံတား ရှစ်စင်းတည်ဆောက်ခြင်း၊ ဖိုင်လင်းကျေးရွာတွင် Box Culvert နှင့် ရေပြွန်လေးစင်း တည်ဆောက်ခြင်း၊ ရေမြောင်းတူးဖော်ခြင်း၊ နန်းအောင်မော်ကျေးရွာတွင် ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း၊ နောင်ကက်ကျေးရွာတွင် Box Culvert တည်ဆောက်ခြင်း၊ ရွာတွင်းလမ်း ချောင်းသဲကျောက်ခင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ဇူလိုင်လစတုတ္ထပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



"တမူးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ခြောက်ရွာမှာ ကျေးရွာတစ်ရွာကို Cash for Work စီမံကိန်း ထောက်ပံ့ငွေနဲ့ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကျေးရွာသူ ကျေးရွာသားတွေ ကိုယ်တိုင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီး ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်နေပြည်သူများ ဝင်ငွေရရှိစေဖို့နဲ့ တစ်နေ့ လုပ်အားခငွေကျပ် ၄၈၀၀ ကနေ ၆၀၀၀ အထိ ချက်ချင်း ငွေပေးချေစနစ်ဖြင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု တမူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်ထွန်းက ပြောသည်။ **ဂျိုင်းလော(သတင်းစဉ်)**

## ဟားခါးမြို့နယ် မာလ်ဆောမ်ကျေးရွာ ဘောလုံးကွင်း မြေသားကျွံကျမှု ပြန်လည်ပြုပြင်မှုပြီးစီး

**ဟားခါး အောက်တိုဘာ ၁၁**

ဟားခါးမြို့နယ် မာလ်ဆောမ်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး တူးဖော်တည်ဆောက်ခဲ့သည့် အလျား ပေ ၃၀၀၊ အနံပေ ၂၀၀ ရှိ မာလ်ဆောမ်ကျေးရွာ ဘောလုံးကွင်းသည် မိုးသည်းထန်စွာရွာမှုကြောင့် ကွင်းတစ်ခုလုံး မြေသားကျွံကျပျက်စီးခဲ့သဖြင့် ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ဘတ်ဂျက်သာမန်အသုံးစရိတ် ငွေကျပ်သိန်း ၅၀ ဖြင့် ကျေးရွာဘောလုံးကွင်းပြုပြင်ရေးကော်မတီမှ စက်တင်ဘာ ၁၀ ရက်မှ စတင်ပြုပြင်ခဲ့ရာ ယခုတွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ကြောင်း ဟားခါးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ ကျေးရွာဘောလုံးကွင်းပြုပြင်ရာတွင် ကျွံကျသောမြေနေရာ မြေဖို့ခြင်း၊ မိုးရေတိုက်စားသောမြေနေရာပြုပြင်ခြင်းအပါအဝင် မြေကာနံရံတည်ဆောက်ခြင်းနှင့် ရေလွှဲမြောင်းတည်ဆောက်ခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ဘတ်ဂျက်သာမန်အသုံးစရိတ် ငွေကျပ်သိန်း ၅၀ ဖြင့် ဟားခါးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးကြပ်၍ ကျေးရွာဘောလုံးကွင်းပြုပြင်ရေးကော်မတီက ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဘောလုံးကွင်းပြုပြင်မှု ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့သည့်အတွက် ကျေးရွာနေပြည်သူများ ကိုယ်ကာယလေ့ကျင့်ခန်းများနှင့် အားကစားပေါင်းစုံ ပြန်လည်ကျင်းပနိုင်မည်ဖြစ်၍ ကျေးရွာနေပြည်သူများ အထူးဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့သမိုင်းက ပြောပြနေသော မြန်မာ့ရုပ်ရှင် အနုပညာ၏ နှစ်တစ်ရာပြည့်ခရီး အပိုင်း(၂)

စန်းနီလာဝင်း

## မြန်မာတို့ ကိုယ်တိုင် မြန်မာ့ရုပ်ရှင်ရိုက်ကူးမှု စတင်ခြင်း

မြန်မာ့ရုပ်ရှင်ကို စတင်ရိုက်ကူးပြသခဲ့သည့် ပုဂ္ဂိုလ်မှာ ဓာတ်ပုံပညာရှင်နှင့် ပန်းချီဝါသနာရှင် ဦးအုန်းမောင်ဖြစ်ပြီး ထိုစဉ်က နိုင်ငံခြားသားပိုင် ဓာတ်ပုံတိုက်တွင် လခစား ဓာတ်ပုံပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

၁၉၁၅ ခုနှစ်တွင် ဓာတ်ပုံပညာရှင် ဦးအုန်းမောင်သည် ကုန်သည်လမ်းနှင့် ၃၈ လမ်းထိပ်တွင် "လန်ဒန်အတ် ဓာတ်ပုံတိုက်" (London Art Photo Studio) စတင်တည်ထောင်ခဲ့ရာ ထိုခေတ်ကာလက ဓာတ်ပုံလုပ်ငန်းကို နိုင်ငံခြားသားများ တွင်ကျယ်စွာ လုပ်ကိုင်နေချိန်မျိုးဖြစ်ရာ မြန်မာအမျိုးသား ဓာတ်ပုံပညာရှင် ဦးအုန်းမောင်က မြန်မာပိုင်ဓာတ်ပုံလုပ်ငန်းကို ပထမဆုံးစတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ အလွန်ဂုဏ်ယူချီးကျူးဖွယ်ပင်ဖြစ်ပါသည်။

တီထွင်ဆန်းသစ်မှုကို အမြဲစိတ်ဝင်စားခဲ့သော ဓာတ်ပုံပညာရှင်ဦးအုန်းမောင်သည် ရုပ်သေဓာတ်ပုံများ ရိုက်ကူးနေခဲ့ရာမှ ရုပ်ရှင်စမ်းသပ်ရိုက်ကူးရန်ဆုံးဖြတ်ခဲ့ပြီး ရုပ်ရှင်ရိုက်ကင်မရာတစ်လုံးကို ရှာဖွေခဲ့ရာ ထိုစဉ်က "ဒီဇူဇာဆေးတိုက်" မှ မှန်ဘီလူး(Lens) မပါသော ကင်မရာအဟောင်းကလေး တစ်လုံးကို ရရှိခဲ့သည်။ မှန်ဘီလူးကို ဆက်လက်ရှာဖွေခဲ့ပြန်ရာ ထိုစဉ်က "ဒီပဲရစ်ရုပ်ရှင်ရုံ" (De Paris Cinema) [ထိုစဉ်က "စကော့ဈေး" နောင် "ဗိုလ်ချုပ်အောင်ဆန်းဈေး" တည်ရှိနေရာ ] ပိုင်ရှင် "မစ္စတာ အချား"ထံမှ မှန်ဘီလူးအဟောင်း တစ်ခုကို ရရှိခဲ့ပြန်ပါသည်။ (ထိုကင်မရာနှင့် မှန်ဘီလူးအဟောင်းမှာ နိုင်ငံခြားသားများ အသုံးမပြုတော့၍ စွန့်ပစ်ထားသည်ကို သိမ်းဆည်းထားခဲ့ခြင်းဖြစ်သည်။)

သို့တစေ တီထွင်စိတ်ကူးဉာဏ်မြင့်မားလှသော ဓာတ်ပုံပညာရှင် ဆရာဦးအုန်းမောင်သည် ကင်မရာနှင့် မှန်ဘီလူးကို ပြုပြင်တပ်ဆင်၍ အသုံးပြုကြည့်လိုက်သောအခါ အောင်မြင်မှု ရရှိသွားခဲ့တော့သည်။ ထိုအောင်မြင်မှုကို အရင်းခံပြီး ဇာတ်လမ်းပါဝင်သော ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးနိုင်ရန် စတင်ကြိုးပမ်းခဲ့သည်။

ထိုစဉ်က မြန်မာအဆွေကုမ္ပဏီ (နောင်- အေဝမ်းရုပ်ရှင်ကုမ္ပဏီ) ပိုင်ရှင်သူဌေးကြီး ဦးဘညွန့်၏ သားကိုညီပုနှင့် ပညာ့အလင်းမဂ္ဂဇင်းနှင့် သတင်းစာတိုက်မှ မန်နေဂျာဦးပုတို့၏ ကူညီမှုကြောင့် စာရေးဆရာကြီး "ပီမိုးနင်း" ထံမှ "မေတ္တာနှင့်သူရာ" အမည်ရှိဇာတ်လမ်းကို ရရှိခဲ့ကြသည်။



ဗြိတိသျှဘားမား ရုပ်ရှင်ဒါရိုက်တာ လှမောင်ကလေး၏ ဖူးစာနှစ်ခိုင် ရုပ်ရှင်ဇာတ်ကားမှ ကျော်ဆွေနှင့် မေသစ်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း (၁၉၅၆)။



ထပ်ဆင့်အကယ်ဒမီ ဒါရိုက်တာ ရွှေဒုံးဘီအောင်၏ ဒေါက်တာ အောင်ကျော်ဦး ဇာတ်ကားမှ သရုပ်ဆောင် မင်းသားကြီး မောင်မောင်တာ (၁၉၅၇)။

"မေတ္တာနှင့်သူရာ" ပထမဆုံးမြန်မာ့အသံတိတ် ရုပ်ရှင်ဇာတ်ကားကို စတင်ရိုက်ကူးစဉ်အခါက ပထမဆုံး မြန်မာအမျိုးသား ရုပ်ရှင်သရုပ်ဆောင် ကိုညီပုမှာ အထက်တန်းကျောင်းသား ဖြစ်နေသောကြောင့်ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေနေ့များ၌ အိမ်ကမသိအောင် စတင်ရိုက်ကူးခဲ့ရသည်ဟု ဆိုသည်။ ရုပ်ရှင်ရိုက်ကူးမည့်နေ့ နံနက်စောစော ၄ နာရီ အချိန်မှစ၍ ပစ္စည်းပစ္စယများကို နွားလှည်းဖြင့်တင်ဆောင်ပြီး ကိုယ့်ထမင်းချိုင့်ကို ကိုယ်ယူဆောင်ကာ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့ဘက်နှင့် မြောက်ဘက်ရှိ ချုံကြိုချုံကြား၌ အပြင်ဇာတ်ဝင်ခန်း (Outdoor) ကို ရိုက်ကူးခဲ့ကြရသည်။ သရုပ်ဆောင်များအနက် မိမိနေအိမ်မှ သနပ်ခါး မှုန်မှုန်လိမ်းလာသော မင်းသမီးမှလွဲ၍ ကျန်သရုပ်ဆောင်သူအားလုံးမှာ မည်သူမျှ မိတ်ကပ်လိမ်းခြယ်ခြင်းလုံးဝမရှိပါ။ အတွင်းဇာတ်ဝင်ခန်းများ(Indoor)ကို ဗဟန်းရှိ မိတ်ဆွေများ၏ ခြံများထဲ၌ ဝါးလုံးတိုင်ထူကာ ပိတ်ဖျင်မိုးပြီး ကြည့်မှန်ကြီးများထိုး၍ အလင်းရောင်ယူကာရိုက်ကူးခဲ့ကြသည်။

> **"ဦးအုန်းမောင်၏ အပတ်တကုတ် ကြိုးပမ်းအားထုတ်မှုကြောင့် အောင်အောင်မြင်မြင် ရိုက်ကူးပြသနိုင်ခဲ့သော "ဦးထွန်းရှိန်စျာပန သတင်းကား" မှာ မြန်မာ့ရုပ်ရှင်၏ သန္ဓေမျိုးစေ့အဖြစ် မွေးဖွားကြီးပြင်းလာခဲ့ရာမှ ယနေ့နှစ် (၁၀၀) ပြည့်တိုင်တိုင် ရောက်ရှိလာခဲ့ပြီဖြစ်ရာ ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော ရုပ်ရှင်သက်တမ်းတစ်လျှောက် အတွေ့အကြုံ အခက်အခဲအမျိုးမျိုး ကြားထဲမှကျော်လွှားကာ ယနေ့ကမ္ဘာတွင် " မြန်မာ့ရုပ်ရှင်" ဟူ၍ ခံ့ညားတင့်တယ်စွာ ရပ်တည်ပြသနိုင်အောင် အတွေ့အကြုံရင့်ကျက်သော "မြန်မာ့ရုပ်ရှင်" ဖြစ်လာခဲ့"**




၁၉၈၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော နိုင်ငံတကာရုပ်ရှင်ပွဲတော်ကြီး၌ နိုင်ငံခြားရုပ်ရှင်ပညာရှင်များ၏ ဂုဏ်ပြုမှတ်တမ်းတင်ခံခဲ့ရသည့် အကယ်ဒမီများရှင် ဒါရိုက်တာဆရာသုခ၏ ရွှေခြည်ငွေခြည်တန်းပါလို့ ဇာတ်ကားမှ အကယ်ဒမီများရှင် ညွန့်ဝင်း၊ ထပ်ဆင့်အကယ်ဒမီ ခင်ယုမေ၊ ထပ်ဆင့်အကယ်ဒမီ ချိုပြုံး။

## ဇာတ်လမ်းပါရှိသော မြန်မာ့ပထမဆုံးဇာတ်လမ်း ရုပ်ရှင် စတင်ရုံတင်ပြသခြင်း

မြန်မာတို့အကြောင်းကို မြန်မာတို့ကိုယ်တိုင်ရိုက်ကူးခြင်း၊ မြန်မာတို့သာ ပါဝင်သရုပ်ဆောင်ကာ မြန်မာနိုင်ငံ၌ ပထမဦးဆုံး ဇာတ်လမ်းပါရှိသော မြန်မာရုပ်ရှင်ဇာတ်ကားမှာ "မေတ္တာနှင့် သူရာ" အမည်ရှိ အသံတိတ် မြန်မာစာတန်းထိုး ရုပ်ရှင်ဇာတ်ကားပင်ဖြစ်သည်။ စီစဉ်သူမြန်မာ့ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ် ဦးအုန်းမောင်၊ ဝတ္ထုမှာ ထိုစဉ်က "ပိုက်ဆံကြီး"ကလောင်အမည်ခံ စာရေးဆရာကြီး ပီမိုးနင်း၊ သရုပ်ဆောင်မင်းသား မောင်ညီပု၊ မင်းသမီး မအေးကြည်၊ ဦးပါကြီး၊ ထိုစဉ်က နာမည်ကျော် မီးရထားဘောလုံးအသင်းမှ မောင်မောင်ချစ်၊ လူကြမ်း ဦးပုကြီး၊ ထိုစဉ်က ဒဂုန်မဂ္ဂဇင်းမန်နေဂျာ မောင်မောင်ကလေး၊ အမျိုးသားဇာတ်ပို့အမှုအရာ ညွှန်ကြားပြသသူမှာ ပညာအလင်းပြသတင်းစာ မန်နေဂျာ ဦးပုခေါ် နောင် ဒါရိုက်တာ ဦးတုတ်ကြီးတို့ ဖြစ်ကြသည်။

ထိုသို့ရိုက်ကူးနေစဉ်မှာပင် မြန်မာနိုင်ငံ ကိုလိုနီအုပ်ချုပ်ရေးယန္တရားမှ အင်္ဂလိပ်နယ်ချဲ့အစိုးရ အာဏာပိုင်များက ရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးအုန်းမောင်၏ ရုပ်ရှင်ဇာတ်ကားရိုက်ကူးမှု အောင်မြင်နေသည်ကို ကြားသိသွားခဲ့ကြသည်။ ထိုစဉ်က ၁၉၂၀ ပြည့်နှစ်တွင် လန်ဒန်မြို့၌ ကျင်းပမည့် ဗြိတိသျှအင်ပါယာပြပွဲကြီး၌ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ ကိုလိုနီနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံမှ ထွက်ရှိ ထုတ်လုပ်သော ဆန်၊ ကျွန်းသစ်၊ ရေနံ၊ သတ္တုများ၊ ဝါဂွမ်းများနှင့် ယွန်းထည်လုပ်ငန်း၊ ပုသိမ်ထီး လုပ်ငန်း၊ မန္တလေး ပိုးထည်လုပ်ငန်း စသည့်အိမ်တွင်းမှုလုပ်ငန်းများကို မှတ်တမ်းတင်သတင်းကား ရိုက်ကူးပေးရန် ဦးအုန်းမောင်အား မေတ္တာရပ်ခံလာခဲ့သည်။ ထိုအခါ ရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးအုန်းမောင်မှာ မနေသာသဖြင့် ပါဝင်ရိုက်ကူးပေးခဲ့ရသောကြောင့် ရိုက်လက်စ မေတ္တာနှင့်သူရာ ဇာတ်လမ်းရုပ်ရှင်ကို ခေတ္တရပ်နားထားခဲ့ရသည်။ ထိုသို့ ကူညီရိုက်ကူးပေးခဲ့ရသောကြောင့် ရိုက်လက်စ ရုပ်ရှင်ကင်မရာထက် ကောင်းမွန်သော "ဝီလျံဆင်" (Williamson) အမျိုးအစား ဖလင်ပေ ၄၀ ဝင်ဆံ့သည့် ရုပ်ရှင်ရိုက်ကင်မရာတစ်လုံးနှင့် "ဝီလျံဆင်" အမျိုးအစား ရုပ်ရှင်ကားကူးစက် (Williamson Printing Machine) တစ်လုံး ဝယ်ယူခွင့်ရရှိခဲ့သဖြင့် အသံတိတ် ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးရန် အဆင်ပြေချောမွေ့လာခဲ့သည်။ ထိုစဉ်က အသံတိတ်ရုပ်ရှင်ဇာတ်ကားများရိုက်ကူးရာတွင်-

(၁) ရုပ်ရှင်ရိုက်ခြင်း၊

(၂) ဖလင်ဆေးခြင်း၊

(၃) တည်းဖြတ်ခြင်း၊

(၄) နဂ္ဂတစ်မှ ပေါ့စတစ်သို့ ကူးယူခြင်းဟူ၍ အဆင့်လေးဆင့်ဖြင့် ရိုက်ကူးခဲ့ကြရသည်။

*စာမျက်နှာ ၉ သို့*

# မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှုဂိတ်(မန့်ဝိန်းဂိတ်) ၌ ယာဉ်မောင်းလဲလှယ် မောင်းနှင်နှုန်းခ ပြောင်းလဲသတ်မှတ်မှုနှင့်အတူ နှစ်နိုင်ငံကုန်သွယ်မှုကျဆင်းလာ

**မူဆယ် အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်စပ်ဒေသ မြန်မာ-တရုတ် ကုန်သွယ်စီးဆင်းမှုတွင် အဓိကအသုံးပြုနေသည့် နှစ်နိုင်ငံအဝင်/အထွက်ဂိတ်(မန့်ဝိန်းဂိတ်)၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ဧပြီလပထမပတ်မှ ယာဉ်မောင်းလဲလှယ်မောင်းနှင်စေသည့်စနစ်ကို စတင်အသုံးပြုလျက်ရှိရာ အောက်တိုဘာ ၁၁ ရက်မှ စတင်ပြီး ယာဉ်မောင်းလဲလှယ်မောင်းနှင်သည့်(နှုန်းခ)ကို တရုတ်နိုင်ငံက ပြောင်းလဲသတ်မှတ်၍ ယခင်ထက် ယာဉ်မောင်းနှင်နှုန်းခတက်နေကြောင်း သိရသည်။

"တရုတ်နိုင်ငံဘက်က မနေ့ကစပြီး ယာဉ်မောင်းလဲလှယ်မောင်းနှင်နှုန်းခတွေ ပြောင်းလဲသတ်မှတ်တာတွေ ပြုလုပ်နေပါတယ်။ အရင်တုန်းက တရုတ်နိုင်ငံ တာဝန်ရှိသူတွေက တာဝန်ယူစီစဉ်ဆောင်ရွက်မှုနဲ့ မန့်ဝိန်းဂိတ်မှာ လဲလှယ်မောင်းနှင်ယာဉ်မောင်း ၂၀ ကျော်နဲ့ နှစ်ဖက်အပြန်အလှန် လဲလှယ်မောင်းနှင်စေတယ်။ အခုတော့ ကုမ္ပဏီတစ်ခုကို လွှဲပြောင်းတာဝန်ပေးလိုက်တယ်လို့ ကြားသိရပါတယ်။ အရင်တုန်းကတော့ တရုတ်နိုင်ငံ တာဝန်ရှိသူတွေက စီစဉ်ဆောင်ရွက်ပေးတဲ့အခါမှာ လဲလှယ်ယာဉ်မောင်းတွေကို တရုတ်ယွမ်ငွေ ၂၀ ပဲပေးရတယ်၊ အခုတော့ တရုတ်ယွမ်ငွေ ၁၀၀ ပြောင်းလဲသတ်မှတ်



လိုက်ပါတယ်။ အခုလောလောဆယ်မှာ လဲလှယ်ယာဉ်မောင်းတွေ ငါးဦးကျော်နဲ့ပဲ ဝင်/ထွက် သွားလာနေတယ်လို့ သိရပါတယ်။ အခုတရုတ် ယွမ်ငွေနဲ့ အဝင် ၁၀၀ /အထွက် ၁၀၀ ကို မြန်မာငွေနဲ့တွက်ကြည့်ရင် အဝင်နှစ်သောင်း/အထွက် နှစ်သောင်းဆိုတော့ တော်တော်များနေတယ်"ဟု မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးစိုင်းနွံက ပြောကြားသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှုပြုလုပ်ရာ၌ မူဆယ်မြို့ဘက်ခြမ်း မန့်ဝိန်းဂိတ်အနီးရှိ ကုန်တင်ယာဉ်များကို ရောဂါပိုးကင်းစင်သည့် ယာဉ်မောင်းများဖြင့် လဲလှယ်၍ မန့်ဝိန်းဂိတ်ကို ဖြတ်ကျော်မောင်းနှင်ပြီး တရုတ်နိုင်ငံ ကျယ်ဂေါင်ဘက်ခြမ်း မန့်ဝိန်းဂိတ်အနီးရှိ သတ်မှတ်နေရာအထိ နှစ်ဖက်နိုင်ငံ ကုန်တင်ယာဉ်များကို အပြန်အလှန်မောင်းနှင်ပို့ဆောင်ပေးသည်။ လဲလှယ်ယာဉ်မောင်းများက နှစ်ဖက်ကုန်တင်ယာဉ်များကို သတ်မှတ်နေရာအထိ အပြန်အလှန်ပို့ဆောင်ရပ်နားထားပြီးနောက် အသင့်စောင့်ဆိုင်းနေသည့် သက်ဆိုင်ရာနှစ်နိုင်ငံ ကုန်တင်ယာဉ်မောင်းများက မိမိကုန်တင်ယာဉ်များကို ဆက်လက်မောင်းနှင်ကြသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုဂိတ် (မန့်ဝိန်းဂိတ်) ၌ ယာဉ်မောင်းလဲလှယ်မောင်းနှင်နှုန်းခ ပြောင်းလဲသတ်မှတ်ခြင်းကြောင့် မြန်မာ-တရုတ် နှစ်ဖက်ကုန်သည်များလည်း ထိခိုက်နစ်နာနေကြောင်း၊ တရုတ်နိုင်ငံဘက်က ကြိုတင်ကြောင်းကြားထားခြင်းမရှိသည့်အတွက် နှစ်ဖက်ကုန်သည်များ ညှိနှိုင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားလျက်ရှိကြောင်း မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ၏ ပြောကြားချက်အရ သိရသည်။ ယခင် ယာဉ်မောင်းလဲလှယ်မောင်းနှင်နှုန်းခ ပြောင်းလဲသတ်မှတ်ခြင်းမပြုမီအထိ ကုန်တင်ယာဉ် စုစုပေါင်းအစီးရေ ၅၀၀ ဖြင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုရှိကာ လက်ရှိအနေအထားတွင် နှစ်နိုင်ငံ နှစ်ဖက်ကုန်တင်ယာဉ် အဝင်/အထွက် နှောင့်နှေးကြန့်ကြာမှုဖြစ်လာပြီး ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ပို့ကုန်/သွင်းကုန်ယာဉ် စုစုပေါင်းအစီးရေ ၁၀၀ ကျော်ခန့်သာ ကုန်သွယ်စီးဆင်းနေသည့်အတွက် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုလည်း တစ်နေ့ထက်တစ်နေ့ ပို၍ကျဆင်းလာကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## သီပေါ ဆောင်ကြဲဒေသ၌ အောင်မြင်ဖြစ်ထွန်းနေသောလက်ဖက်ခြံသို့ ကွင်းဆင်းလေ့လာ

**သီပေါ အောက်တိုဘာ ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းမင်းဦး၊ အထက်မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်နှင့် စိုက်ပျိုးရေးဝါသနာရှင်များသည် အောင်မြင် ဖြစ်ထွန်းလျက်ရှိသည့် ဆောင်ကြဲကျေးရွာမှ လက်ဖက်တောင်သူ ဦးစိုင်းအောင်ခမ်း၏



လက်ဖက်ခြံစိုက်ခင်းသို့ ယနေ့နံနက်ပိုင်းက လက်တွေ့ကွင်းဆင်းလေ့လာကြသည်။

"ကျွန်တော်က လယ်ယာလုပ်ငန်းနှင့်အတူ နာနတ်ခြံလုပ်ငန်းကို နှစ်စဉ်စိုက်ပျိုးရေး လုပ်ကိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်ကစပြီး နာနတ်ခြံအတွင်း အာသံလက်ဖက်မျိုးကို စမ်းသပ်စိုက်ပျိုးခဲ့ပြီး အောင်မြင်ဖြစ်ထွန်းခဲ့တာကြောင့် နာနတ်ခြံတွေကို ဖျက်သိမ်းပြီး မြေ ခုနစ်ဧကကို စမ်းသပ်စိုက်ပျိုးခဲ့ရာ အခု ဧက ၅၀ ကျော်မှာ လက်ဖက်စိုက်ခင်းကြီးများ ဖြစ်နေပါပြီ။ အရိပ်ရပင်အဖြစ် သရက်နဲ့ ပိတောက်ပင်စိုက်ပျိုးပါတယ်။ တစ်ချိန်က ကျွန်တော်တို့ ဆောင်ကြဲဒေသမှာ လက်ဖက်စိုက်ပျိုးလို့ မရဘူးဆိုတဲ့ တောင်သူတွေက ကျွန်တော့်လက်ဖက်ခြံကို ကြည့်ကာအားကျပြီး စိုက်ပျိုးလုပ်ကိုင်နေကြပါပြီ။ လက်ဖက်ကို ဆွတ်ခူးရာမှာ တစ်ပတ်ကို တစ်ကြိမ်နှုန်းနဲ့ တစ်လလေးကြိမ်၊ တစ်နှစ်လျှင် အကြိမ် ၄၀ ကျော် ဆွတ်ခူးရတယ်။ တစ်ကေဆွတ်ခူးပါက လက်ဖက်အစိုပိဿာ ၈၀၀ မှ ၁၀၀၀ ကျော်အထိ ရရှိခဲ့တယ်။ ဆက်လက်ပြီး စိုက်ပျိုးတိုးချဲ့သွားမှာဖြစ်ပါတယ်"ဟု လက်ဖက်ခြံတောင်သူ ဦးစိုင်းအောင်ခမ်းက ပြောသည်။

**စိုင်း(သီပေါ)**




အိမ်တွင်းအကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ။




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ Help Line ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ်အကူအညီ ရယူနိုင်ပါတယ်။

## ရောဝတီမြစ်ရေ ဇလွန်မြို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။ **မိုး/ဇလ**

## မီဒီယာသမားများအား MPTမှ စားသောက်ကုန်နှင့် ကျန်းမာရေးသုံးပစ္စည်းများ ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်ရရှိသော မီဒီယာများအား ကိုဗစ်-၁၉ကာလအတွင်း ကျန်းမာရေးအထူးဂရုပြု၍ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်မှုဆုမွန်ကောင်းနှင့်အတူ စားသောက်ကုန်နှင့် ကျန်းမာရေးသုံးပစ္စည်း ခုနစ်မျိုးကို MPT က အောက်တိုဘာ ၁၁ ရက်တွင် ထောက်ပံ့သည်။

ထိုသို့ထောက်ပံ့ရာ၌ မီဒီယာသမားများ၏ နေအိမ်အရောက် ပို့ဆောင်ပေးမှုကို လှိုင်မြို့နယ် ရွှေလောင်းလှေပရဟိတလူမှုကယ်ဆယ်ရေးမှ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးသတ်မှတ်စည်းကမ်းနှင့်အညီ လိုက်လံပို့ဆောင်ပေးသည်။

MPT မှ မီဒီယာသမားများအား စားသောက်ကုန်အဖြစ် မေဇင်ဆီ ၅၀ သားနှစ်ဘူး၊ ကုလားပဲ ၅၀ ကျပ်သားနှင့် ရွှေးကောက်ပွဲနေ့တွင် အသုံးပြုနိုင်ရန် YC နှာခေါင်းစည်း ခုနစ်ခု၊ မျက်နှာအကာနှစ်ခု၊ လက်အိတ် ၁၀ စုံ၊ လက်သန့်ဆေးရည်ဘူးသေး နှစ်ဘူးနှင့် Cevit စားဆေးတစ်ဘူးဖြင့် စုစုပေါင်းခုနစ်မျိုးထောက်ပံ့ခဲ့ပြီး မီဒီယာသမားများအနေဖြင့် ဘေးကင်းလုံခြုံမှု၊ နိုးနိုးကြားကြားရှိမှု၊ ခံနိုင်ရည်ရှိမှုနှင့် ကျန်းမာရေးအထူးဂရုပြုနေထိုင်လျက်ဘေးအန္တရာယ်ကင်းရှင်းစေကြောင်း ဆုမွန်ကောင်း ပို့သသောစတေကာစာရွက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆက်သွယ်၍ ရရှိသောမီဒီယာသမားများထံ ပေးပို့ခဲ့ကြောင်း သိရသည်။

**သစ္စာ**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၁-၁၀-၂၀၂၀

| | |
|---|---|
| ကော့သောင်းမြို့ | ၁ ဒသမ ၇၈ လက်မ၊ |
| ကိုကိုးကျွန်းမြို့ | ၁ ဒသမ ၆၁ လက်မ၊ |
| ပေါက်မြို့ | ၀ ဒသမ ၆၇ လက်မ၊ |
| မကွေးမြို့ | ၀ ဒသမ ၅၅ လက်မ၊ |
| ဟိုင်းကြီးမြို့ | ၀ ဒသမ ၅၅ လက်မ၊ |
| ခန္တီးမြို့ | ၀ ဒသမ ၅၁ လက်မ |

## တီးတိန်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး စကားဝိုင်းပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

ချင်းပြည်နယ် တီးတိန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးစကားဝိုင်းကို ယမန်နေ့က ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဝင်းက ၎င်းတို့ဌာနမှ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးတိုးအောင်ဝေက မူးယစ်ဆေးဝါး ရောင်းဝယ်မှု၊ လက်ဝယ်ထားရှိမှု၊ သုံးစွဲမှုဆိုင်ရာ ဥပဒေပုဒ်မများ၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ပြန်ထားသော မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် ဥပဒေရည်ရွယ်ချက်များနှင့် လူငယ်များ ကျူးလွန်လျက်ရှိသည့် မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေပုဒ်မများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **လျန်ပီး(သတင်းစဉ်)**



## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*ယမန်နေ့မှအဆက်*

**ကြည်စိုးထွန်း** ။ ။ 'ချစ်တမ်းကစားမယ်'၊ နောက်သူ့ဇနီး ဒေါ်ဘေဘီနွဲ့လည်း ပါတယ်နော်။ အဲဒီကား။ အဲဒီထဲမှာမှ ထူးထူးခြားခြား ကားနှစ်ကား ကျွန်တော် သတိထားမိတယ်။ အဲဒီကားက ဘာလဲဆိုတော့ တော်ဝင်ထွန်း က 'နှောင်' ဆိုတဲ့ကားပါ။

**ဒေါ်ခင်ယုမေ** ။ ။ 'နှောင်'ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ မင်းသားက။

**ဒေါ်ခင်ယုမေ** ။ ။ မင်းသားက အဲဒါ ကိုထွန်းမြင့်ပေါ့။

**ကြည်စိုးထွန်း** ။ ။ ဒါရိုက်တာ ထွန်းမြင့်ထွန်း။ ခင်သီတာထွန်းတို့ အဖေ၊ ဒေါ်ခင်လေးသိမ့်တို့ အဖေနော် အဲဒါက၊ အဲဒီကားမှာ မင်းသား၊ ကျွန်တော် တော်တော် သတိထားမိတယ်။

**ဒေါ်ခင်ယုမေ** ။ ။ အဲဒီတစ်ကားပဲလေ၊ သူလည်းတစ်ကားပဲ။

**ကြည်စိုးထွန်း** ။ ။ ကိုဇော်လွင်လည်းပါတယ်။

**ဒေါ်ခင်ယုမေ** ။ ။ ကိုဇော်လွင် စမင်းသားလုပ်တာ၊ အဲဒီကားမှ စပထမမင်းသား ဖြစ်တာလေ။

**ကြည်စိုးထွန်း** ။ ။ ဒါပေမယ့် သူက ဒုတိယမင်းသားထင်တယ် ဦးထွန်းမြင့်က။

**ဒေါ်ခင်ယုမေ** ။ ။ အဲဒီမှာ စထည့်တာလေ။ ရုပ်ရှင်ထဲ စပါတာပြောတာ။

**ကြည်စိုးထွန်း** ။ ။ နောက်တစ်ခုကတော့ အစ်မက အင်မတန် ခေတ်မီပြီးတော့ အင်မတန် ဖက်ရှင်ကျတဲ့ အစ်မက ရာဇဝင်ကားတစ်ကား သရုပ်ဆောင်ဖူးတယ်။

**ဒေါ်ခင်ယုမေ** ။ ။ ကိုခင်မောင်ညွန့်လေ။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့ ရာဇဝင်မှာတော့ သူက ဝိဇ္ဇာပဲ။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ခင်မောင်ညွန့်က ရာဇဝင်ကတော့ တကယ်ပိုင်တဲ့လူ။

**ဒေါ်ခင်ယုမေ** ။ ။ သူ့မှာပစ္စည်းလဲစုံတယ်လေ။ နန်းတော်ကြီးဆောက်မလား၊ ဘာဆောက်မလဲ သူကပစ္စည်းအကုန်လေ။

**ကြည်စိုးထွန်း** ။ ။ အဝတ်အစားလည်း ကောင်းတယ်နော်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ အဝတ်အစားတွေလည်း အဲဒီတုန်းက သိပ်ကောင်းတာပဲ 'ရူပကလျာ'။

**ဒေါ်ခင်ယုမေ** ။ ။ သူတို့ပဲဆင်တာလေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်၊ ကောင်းလည်း ကောင်းတယ်၊ နောက်ဖက်ရှင်ကျတဲ့ မင်းသမီးတစ်ယောက်က ရာဇဝင်ကားထဲမှာ ကြည့်ကောင်းပွဲမလားလို့ အောက်မေ့ရပေမယ့် လှတာပဲ။ မင်းသားကြီး ခင်မောင်ညွန့်နဲ့ အစ်မနဲ့လည်း အဲဒီတုန်းက တော်တော်လိုက်ဖက်တာပဲ။ အဲဒီပုံတွေလည်း ကျွန်တော် ပရိသတ်ကို ပြမှာပေါ့နော်။ နောက်တစ်ခုက မြန်မာ့ရုပ်ရှင်မှာ မှည့်လေ့မှည့်ထမရှိတဲ့ ရုပ်ရှင်ကားတစ်ကား၊ နာမည်မှည့်တဲ့အခါမှာ ဒီပြင်နာမည်တွေ အကောင်းလေးတွေ မှည့်ကြတာပေါ့။ အဲဒီဒါရိုက်တာကတော့ သူက ဒါတွေကို အယူအဆမရှိဘဲနဲ့ ကားကိုရိုက်တယ်လေ၊ 'ခက်'ဆိုတဲ့ကား။ ကိုဝင်းညွန့်နဲ့လေနော်၊ 'ခက်' ဆိုတဲ့ ဟာကို တော်ရုံတန်ရုံ ရုပ်ရှင်သမားတွေက–

**ဒေါ်ခင်ယုမေ** ။ ။ 'ခက်' ဆိုတဲ့အတိုင်း ခက်ပါတယ် အမလေး ပြောရရင်တော့။ ရုပ်ရှင်ကောင်စီတောင်ရောက်တယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီလိုဖြစ်သေးတယ်လား။

**ဒေါ်ခင်ယုမေ** ။ ။ ဒါရိုက်တာကလည်း ဘာရိုက်မှန်းမသိဘူး။ မဖြစ်ဘူးလို့။ ဒီအတိုင်းရိုက်ရင်တော့ ငါလည်းဒုက္ခရောက်မယ်။ ရုပ်ရှင်ကောင်စီတွေ ဘာတွေ ရောက်ရော၊ အဲ့ဒါ ပိုင်ရှင်တွေက တရုတ်တွေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ** ။ ။ တရုတ်တွေဆိုတော့ ပိုင်ရှင်တွေက ပထမတော့ ဒီမင်းသမီးက လက်ပေါက်ကပ်တယ်၊ ဘာဖြစ်တယ် အပြစ်တင်တာပေါ့။ နောက်ဆုံးကျတော့ တရားတဘောင်ဖြစ်ကြရော။

**ကြည်စိုးထွန်း** ။ ။ ဟာ – ဖြစ်သေးတာလား။

**ဒေါ်ခင်ယုမေ** ။ ။ အမ်း – ပြဿနာပြေလည်ရေး ရောက်တာ။




**ကြည်စိုးထွန်း** ။ ။ ဟုတ်လား ဒါရိုက်တာကျော်နိုင်။

**ဒေါ်ခင်ယုမေ** ။ ။ ဒါရိုက်တာ ကျော်နိုင်ဆိုပြီးတော့ ဘယ်သူမှန်းလည်း မသိပါဘူး။ အဲဒီတစ်ယောက်ရယ်။ အဲ့ဒီလိုဖြစ်တဲ့အခါကျတော့ ဘယ်လိုမှ သူနဲ့ဆိုရင်တော့ မရိုက်နိုင်ဘူးလို့၊ ပိုက်ဆံ၊ သရုပ်ဆောင်ခ မပေးရင်နေလို့၊ ကိုယ့်ကိုဘာမှန်း မသိတာ လုပ်ခိုင်း၊ ဘာ အိုက်တင် လုပ်ရမှန်း မသိတာတော့ မရိုက်နိုင်ဘူးလို့ အဲဒီလိုပြောတာ သူတို့ စကားတွေများ ကိုသိန်းဇော်။

**ကြည်စိုးထွန်း** ။ ။ အောဝမ်းသိန်းဇော်။

**ဒေါ်ခင်ယုမေ** ။ ။ ကိုသိန်းဇော် ဆက်ရိုက်တာ၊ အောဝမ်းသိန်းဇော်လေ။ ဒါရိုက်တာ ကိုသိန်းဇော် ဆက်ရိုက်တော့မှ အဲဒီကားက တကယ်ပေါက်၊ ပိုက်ဆံတွေ ဘာတွေရ၊ အဲဒီတရုတ်သူဌေးကလာပြီး ကျေးဇူးတင်လို့၊ အမ်း – ပိုက်ဆံသာ မရရင် ဒါအပြစ်ပြောဦးမှာ။

**ကြည်စိုးထွန်း** ။ ။ ဪ – ဪ 'ခက်'ဆိုတဲ့ကားနော်။

**ဒေါ်ခင်ယုမေ** ။ ။ 'ခက်'ဆိုတဲ့အတိုင်း ခက်တာပဲ။

**ကြည်စိုးထွန်း** ။ ။ ကိုဝင်းညွန့်နဲ့နော်။

**ဒေါ်ခင်ယုမေ** ။ ။ အင်း – ကိုဝင်းညွန့်နဲ့။

**ကြည်စိုးထွန်း** ။ ။ ကိုဝင်းညွန့်နဲ့ဆိုတော့ ကိုဝင်းညွန့်ကလည်း ဒီ ကိုသိန်းဇော်တို့နဲ့က သူတို့က ရုပ်ရှင်ထဲမရောက်ခင်ကတည်းက အဆိုတော်ဘဝ၊ ကိုဝင်းညွန့်ကလည်း အဆိုတော်နော်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ သီချင်းဆိုပြီးတော့မှ သူကလဲ ဖြစ်တာ။ ကိုဝင်းညွန့်နဲ့ နောက်တစ်ကား ရှိသေးတယ်။ 'မုန်းစိတ်မရည်ရွယ်'နော်။ အဲဒီထဲမှာ သီချင်း သိပ်ကောင်းတာပဲနော် အစ်မ။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ကိုချစ်ဆွေနဲ့ အစ်မနဲ့ ဆိုတာနော် xx နှစ်ကိုယ်အချစ်တူရယ် xxချစ်ကမ္ဘာမိုးမြေစခန်းလယ် xx ကောင်းတဲ့သီချင်း။ ကိုချစ်ဆွေနဲ့ အစ်မနဲ့ဆိုတာ။ အဲဒီသီချင်းရရင်တော့ ကျွန်တော်က ပရိသတ်ကို ဖွင့်ပြချင်တယ်။

**ဒေါ်ခင်ယုမေ** ။ ။ မြန်မာ့အသံမှာတော့ ရှိမယ်ထင်တယ်။

**ကြည်စိုးထွန်း** ။ ။ ရှိနိုင်ပါတယ်။ ကျွန်တော်ရှာကြည့်ပါဦးမယ်နော်။ အဲဒီကားလည်း ထူးထူးခြားခြား ကျွန်တော်မှတ်မိနေတာပေါ့နော်။ အဲဒါကတော့ ကိုဝင်းညွန့်နဲ့ ရိုက်ခဲ့တဲ့ကားထဲက တစ်ကားဟာ အစ်မအတွက်တော့ ထူးထူးခြားခြားပဲ ။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း** ။ ။ 'ခက်' ဆိုတဲ့ကားနဲ့ 'မုန်းစိတ်မရည်ရွယ်' ဆိုတဲ့ ကားနော်။ နှစ်ကားပေါ့။ နောက်တစ်ခါကျတော့ မင်းသားကြီးမြင့်စိုးနဲ့ကတော့ 'မင်းကတော်' တစ်နေ့တာ လေးနော်၊ တစ်နေ့တာလေး။ တစ်နေ့တာဖြစ်တာ သူနဲ့ကျွန်တော်နဲ့ ပြောဖြစ်တယ်အစ်မရဲ့။ အဲဒါလေ သူက ရှိမန်ဟောလီးဒေးတို့ ဘာတို့ အားကျပြီးတော့ သူရိုက်တယ်တဲ့။ ကျွန်တော် ကြည့်ရတယ် အဲဒီကား၊ ပန်းခြံထဲမှာ ထင်တယ်။

**ဒေါ်ခင်ယုမေ** ။ ။ ကန်တော်ကြီးမှာလေ။

**ကြည်စိုးထွန်း** ။ ။ အဲဒီမှာ တစ်နေ့တာ။ အထူးခြားဆုံးကတော့ အဲဒီ ဦးကြယ်နီကြီးက အင်္ဂလိပ်တွေကို မကျေနပ်တာ၊ အင်္ဂလိပ်တွေက သူတို့ဒရိုင်ဘာခန့်ရင် ခေါင်းပေါင်းနဲ့ တိုက်ပုံနဲ့ အဲဒီလိုဗမာတွေကို ခိုင်းတယ်ပေါ့။ အဲဒီတော့ ငါကသူဌေး ဖြစ်တယ်။ ငါက ငါ့ဒရိုင်ဘာကို မင်းတို့အနောက်တိုင်းဝတ်စုံ ဝတ်ရမယ်ဆိုပြီးတော့ ကိုမြင့်စိုးကို အနောက်တိုင်းဝတ်စုံ ဝတ်ခိုင်းတာ။ ဒရိုင်ဘာက ရှူးနဲ့မိုးနဲ့ဟုတ်လား။ အစ်မတို့ အဲဒီအထဲမှာ ပါဆယ်ဂိမ်းတွေ ဘာတွေလဲ ကစားလား မသိဘူး။ အဲဒီပန်းခြံထဲမှာလေ။ အစ်မ ကပြတာလားမသိဘူး။

**ဒေါ်ခင်ယုမေ** ။ ။ ကပြတာ။

**ကြည်စိုးထွန်း** ။ ။ ကျွန်တော်တော့ ကြိုက်ပါတယ်။ အဲဒီကားလေး ထူးလဲ ထူးဆန်းတယ်။

**ဒေါ်ခင်ယုမေ** ။ ။ ကတာ ကတာ သဘာဝကျတယ်တဲ့။

**ကြည်စိုးထွန်း** ။ ။ ဟုတ်တယ်။

**ဒေါ်ခင်ယုမေ** ။ ။ ကနေရင် ကတတ်လို့။ ကတယ်ဆိုတာ သဘာဝမကျဘူး။

**ကြည်စိုးထွန်း** ။ ။ အငြိမ့်မင်းသမီးဖြစ်သွားမှာပေါ့ ဟုတ်တယ်မို့လား။

**ဒေါ်ခင်ယုမေ** ။ ။ အင်း – ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဒါကတော့ အပြင်က။

**ဒေါ်ခင်ယုမေ** ။ ။ ကိုယ်လည်းမကတတ်ဘူးလို့ ကတတ်မကတတ်ဟယ်တဲ့၊ နင့်ဟာနင် လုပ်ချင်သလိုသာလုပ်တဲ့၊ ကိုမြင့်စိုးက မကတတ်ကတတ်နဲ့ ကရတယ်။

**ကြည်စိုးထွန်း** ။ ။ ဒါပေါ့၊ ဒါမှသဘာဝကျမှာ။

**ဒေါ်ခင်ယုမေ** ။ ။ ကောင်းတယ် အဲဒီကား။

**ကြည်စိုးထွန်း** ။ ။ အစ်မ အဲဒီအထဲမှာ ထဘီတိုတိုလေးနဲ့နော်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်၊ သူက တစ်ဇာတ်ထုပ်လုံး ဒီဟာပဲ ဝတ်ရမယ် ဆိုတော့ ကိုယ်ကလည်း။

*စာမျက်နှာ ၉ သို့*


ဘေဘီနွဲ့


ဒါရိုက်တာ ထွန်းမြင့်ထွန်း


ဇော်လွင်


ကိုဝင်းညွန့်


အောဝမ်းသိန်းဇော်


ဦးကြယ်နီ





ဒါရိုက်တာ လှမြင့်



ကိုနေစိုး



ဒေါ်ခင်ညွန့်



ဦးချန်ထွန်း

*စာမျက်နှာ ၈ မှ*

**ကြည်စိုးထွန်း** ။ ။ ထူးခြားတဲ့ဟာလေးပေ့ါနော် ။

**ဒေါ်ခင်ယုမေ** ။ ။ အင်းလေ Picnic ထွက်တာမျိုးဆိုတော့ ပေ့ါပေ့ါပါးပါးလည်း ဖြစ်အောင်ဆိုပြီး၊ အစ်မက အဲဒီလို။

**ကြည်စိုးထွန်း** ။ ။ အစ်မ ခွေးကလေး တစ်ကောင်ပါလားလို့။

**ဒေါ်ခင်ယုမေ** ။ ။ ပါတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။ အင်း – ဟုတ်ပြီ။ ခွေးကလေးလေးလေ၊ ချစ်စရာလေး။

**ဒေါ်ခင်ယုမေ** ။ ။ အိမ်ကခွေးလေးလေ။

**ကြည်စိုးထွန်း** ။ ။ ဟုတ်လား။

**ဒေါ်ခင်ယုမေ** ။ ။ အစ်မတို့က ခွေးချစ်တတ်တာကိုး။

**ကြည်စိုးထွန်း** ။ ။ အင်း၊ အင်း။

**ဒေါ်ခင်ယုမေ** ။ ။ အိမ်ကခွေးလေး ဓာတ်ပုံရိုက်တာ ။

**ကြည်စိုးထွန်း** ။ ။ ‘မင်းကတော်’ ပြီး (၁၉၆၁) ကျတော့ ‘ကိုယ်ပိုင်မေတ္တာ’၊ မန္တလေးရုပ်ရှင်က။

**ကြည်စိုးထွန်း** ။ ။ ဒါရိုက်တာက လှမြင့်။

**ကြည်စိုးထွန်း** ။ ။ အင်း – လှမြင့်လို့ ရေးတယ်။ သူကနော် အစ်မတို့ကတော့ ကိုလှမြင့် ခေါ်မှာပေ့ါနော်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်၊ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီအထဲမှာ ဦးထွန်းဝေရယ်၊ အစ်မရယ်။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ် ကိုနေစိုး။

**ကြည်စိုးထွန်း** ။ ။ ဩော် – နေစိုးကြီး ဟုတ်တယ်၊ ဟုတ်တယ်။ နေစိုးကြီး သိပ်ခန့်တာပဲနော်။

**ဒေါ်ခင်ယုမေ** ။ ။ အင်း။

**ကြည်စိုးထွန်း** ။ ။ ရုပ်ကြီးက သိပ်ခန့်တာပဲ။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ခံ့ခံ့ညားညားနဲ့ တကယ်ယောကျာ်းပီသတဲ့ ရုပ်ကြီး၊ ကိုထွန်းဝေကြီးကလည်း ခံ့ခံ့ညားညားကြီးပေ့ါနော်၊ အဲဒီအထဲမှာ အစ်မက ဆင်းရဲတဲ့နေရာက ပါရတာ ဟုတ်တယ်မှတ်လား။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဘာပဲဖြစ်ဖြစ်လေ၊ အစ်မက ဆင်းရဲတဲ့နေရာကျတော့လည်း ဆင်းရဲတဲ့ရုပ်ကလေးပဲ။ ခေတ်မီမီ ဆိုလည်း ခေတ်မီမီ ဒီဇိုင်းလေးနဲ့၊ အစ်မက ခုနကထွက်လာတဲ့ဟာမျိုး ‘မင်းကတော်’ လိုဟာလည်း ခေတ်မီမီလေး ထွက်လာတယ်။ ဟိုမှာကျတော့လည်း တကယ့်ဆင်းရဲလို့တောင်မှ ကိုထွန်းဝေရဲ့ အမေက ဒေါ်ခင်ညွန့်လားမသိဘူး။

**ဒေါ်ခင်ယုမေ** ။ ။ မတူဘူး မတန်ဘူးပေ့ါလေ။

**ကြည်စိုးထွန်း** ။ ။ ဒေါ်ခင်ညွန့်လား အစ်မ။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ် အမေညွန့်။

**ကြည်စိုးထွန်း** ။ ။ အေးလေ အစ်မကို။

**ဒေါ်ခင်ယုမေ** ။ ။ နှင်ထုတ်တာလေ။ အပေါက်ဝကနေ မလာရဘူးဆိုပြီးတော့၊ အိမ်လိုက်သွားတာ မလာရဘူးဆိုပြီးတော့ နှင်ထုတ်တာ။ ကိုနေစိုးကြီးက လိုက်ပို့တာ။

**ကြည်စိုးထွန်း** ။ ။ အစ်မက ဘယ်သူ့သမီးလဲ အဲဒီအထဲမှာ၊ အစ်မအဖေ ရှိတယ်မို့လား အဲဒီအထဲမှာ။

**ဒေါ်ခင်ယုမေ** ။ ။ မမှတ်မိတော့ဘူး။

**ကြည်စိုးထွန်း** ။ ။ ဦးချန်ထွန်းလား။

**ဒေါ်ခင်ယုမေ** ။ ။ ဘယ်သူလဲမသိဘူး။

**ကြည်စိုးထွန်း** ။ ။ အစ်မတို့က ဆင်းရဲတယ်လေ။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ဆင်းရဲတယ်၊ ဆင်းရဲတယ် နောက်ကျတော့မှ ဒေါ်ခင်ညွန့်ရဲ့ကျေးဇူးရှင်က အစ်မအဖေ ဖြစ်နေတာ၊ ထောင်ကလွတ်လာပြီးတော့ အဲဒီလို ဖြစ်ပြီးတော့မှ။

**ဒေါ်ခင်ယုမေ** ။ ။ ဇာတ်လမ်းတောင် မေ့သွားပြီ၊ ကိုကြည်စိုးထွန်းကတောင် အကုန်မှတ်မိနေတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီမှာ ဦးထွန်းဝေကြီးနဲ့ ပြန်ပြီးတော့ ပေါင်းရတာပေ့ါနော်။ အဲဒါလေး။ လောကကြီးမှာ ‘ကိုယ်ပိုင်မေတ္တာ’ ဆိုတာ ရှိတယ်ဆိုတာလေး တော်တော်လည်း ကောင်းပါတယ်၊ မန္တလေးရုပ်ရှင်က ကားတွေက။

**ဒေါ်ခင်ယုမေ** ။ ။ ဟုတ်တယ်။

**ကြည်စိုးထွန်း** ။ ။ ‘မန်းသူလေးမို့’ လည်း မန္တလေးထင်တယ်နော် အစ်မ။

**ဒေါ်ခင်ယုမေ** ။ ။ ‘မန်းသူလေးမို့’ က ဇမ္ဗူအေးက။

**ကြည်စိုးထွန်း** ။ ။ ဩော် – ဒေါ်မြင့်မြင့်တို့။

**ဒေါ်ခင်ယုမေ** ။ ။ မမြင့်တို့။

**ကြည်စိုးထွန်း** ။ ။ အစ်မ ဇမ္ဗူအေးမှာလည်း တော်တော်ရိုက်ရတယ်နော်။

**ဒေါ်ခင်ယုမေ** ။ ။ ရိုက်ရတယ်။

*(ဆက်လက်ဖော်ပြပါမည်)*



အကယ်ဒမီများရှင် ဒါရိုက်တာ ဆရာဦးသုခ၏ သိကြားစေသက်သေညွှန်း ရုပ်ရှင်ဇာတ်ကားမှ ဝင်းဦး၊ ဝါဝါဝင်းရွှေ၊ သန်းအောင်၊ ခင်သန်းနု။



ခရမ်းရောင်လွင်ပြင် (Pupple Plain) အမည်ရှိ နိုင်ငံခြားရုပ်ရှင်ဇာတ်ကားမှ ကမ္ဘာကျော် ဟောလိဝုဒ် မင်းသားကြီး ဂယ်ရီဂရီပက်နှင့် မြန်မာရုပ်ရှင်မင်းသမီး ဝင်းမင်းသန်းတို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

*စာမျက်နှာ ၆ မှ*

မြန်မာ့ရုပ်ရှင်ဓာတ်ပုံပညာ၏ ဖခင်ကြီး ဦးမောင်မောင် အတ္ထုပ္ပတ္တိကို လေ့လာကြည့်သောအခါ “မြန်မာ့ရုပ်ရှင်လုပ်ငန်းကို ၁၉၁၀ ပြည့်နှစ်မှစ၍ အခက်အခဲအမျိုးမျိုးကြားမှ ကြံစည်ကြိုးပမ်းခဲ့ရာ ၁၉၁၉ ခုနှစ်ရောက်ခါမှ ရုပ်ရှင်ရိုက်ကူးခြင်းလုပ်ငန်း အောင်မြင်ခဲ့ပါသည်။ စာတွေ့လက်တွေ့၊ အကြားအမြင် ဗဟုသုတများ ရရှိလာသည်နှင့်အမျှ ထိုစဉ်က မြန်မာနိုင်ငံ၏ သဘာဝတောတောင်ရေမြေ ရှုခင်းများ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းအရ ဆင်ယင်ကျင်းပသော ပွဲလမ်းသဘင် အခမ်းအနားများကို ရိုက်ကူးခဲ့ရာ ထိုစဉ်က “ဂလုပ်ရုပ်ရှင်ရုံ” (Globe Cinema) ပိုင်ရှင်က ရုပ်ရှင်ဖလင် တစ်ပေလျှင် တစ်ကျပ်နှုန်းဖြင့် ဝယ်ယူကာ နိုင်ငံခြားတိုင်းပြည်များသို့ ရောင်းချခဲ့သည်။ ရုပ်ရှင်ရိုက်ကူးခြင်းပညာကို စနစ်တကျသင်ယူခဲ့ရသည်မဟုတ်ဘဲ မြင်ဆရာ၊ ကြားဆရာများထံမှ လေ့လာဆည်းပူးရင်းက စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းခဲ့ရသည်”ဟု ရေးသားဖော်ပြခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာ့ပထမဦးဆုံး အသံတိတ်ဇာတ်လမ်း ရုပ်ရှင်ဇာတ်ကားဖြစ်သည့် “မေတ္တာနှင့်သူရာ” ရုပ်ရှင်ဇာတ်ကား ရိုက်ကူး၍ မပြီးဆုံးသေးခင်မှာပင် ၁၉၂၀ ပြည့်နှစ် ဇွန်လ ၂ ရက်နေ့၌ ဗုဒ္ဓသာသာ ကလျာဏယုဝအသင်းကြီး (YMBA = Young Men’s Buddhist Association) ကို ကိုယ်စားပြုသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင် ဦးထွန်းရှိန်(၁၉၁၉ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့ မြန်မာနိုင်ငံ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန်အတွက် အင်္ဂလိပ်သို့ သွားရောက်တောင်းဆိုခဲ့ရာတွင် ဦးဘဘေ (သူရိယသတင်းစာတိုက်)၊ ဦးပု(ဝတ်လုံတော်ရရှေ့နေ)တို့နှင့်အတူ ပါဝင်တောင်းဆိုခဲ့သော မန္တလေးမှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းရှိန်ပင်ဖြစ်သည်) မှာ ကွယ်လွန်သွားခဲ့သဖြင့် ရုပ်ရှင်ဓာတ်ပုံပညာရှင် ကြီးဦးအုန်းမောင်က ဈာပနအခမ်းအနားသတင်းရုပ်ရှင်ကားကို “မှတ်တမ်းတင်ရုပ်ရှင်” (Documentary Film) အဖြစ် မော်ကွန်းတင်ခဲ့သည်။

မြန်မာအမျိုးသားရုပ်ရှင် ဓာတ်ပုံပညာရှင် ဦးအုန်းမောင်သည် အမျိုးသားရေးကို ပုဂ္ဂလိက အကျိုးစီးပွားထက် ဦးစားပေးသည့်အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု အမျိုးသားခေါင်းဆောင် တစ်ဦးဖြစ်သည့် ဦးထွန်းရှိန်၏ ဈာပနမှတ်တမ်းတင် ရုပ်ရှင်သတင်းကားကို ဦးစားပေးကာ “ဒီပဲရစ်ရုပ်ရှင်ရုံ” ၌ မြန်မာ့ပွဲဦးထွက်ရုပ်ရှင်သတင်းကားတစ်ကားအဖြစ် တင်ဆက်ပြသခွင့်ရရှိအောင် ကြိုးပမ်းခဲ့သည်မှာ အထူးဂုဏ်ယူကြည်ညိုလေးစားဖွယ်ဖြစ်ပါသည်။ ထိုစဉ်က ဦးထွန်းရှိန်ဈာပန သတင်းကားမှာ အပိုင်းနှစ်ပိုင်းနှင့် နိုင်ငံခြားသတင်းကား အပိုင်းခြောက်ပိုင်းကို ပူးတွဲပြသခဲ့ရာ မြန်မာရုပ်ရှင်ကြည့် ပရိသတ်ကြီးက သောင်းသောင်းဖြဖြကြည့်ရှုအားပေးခဲ့ကြသည်ဟု သိရသည်။ သည်တွင်မက ဦးထွန်းရှိန် ဈာပနသတင်းကားကို ပထမဆုံးမြန်မာ့ရုပ်ရှင်အဖြစ် အောင်မြင်စွာ ရိုက်ကူးတင်ဆက်နိုင်ခဲ့သည်။ ရုပ်ပုံဓာတ်ပုံပညာရှင်ကြီး ဆရာဦးအုန်းမောင်အား ထိုစဉ်က “မြန်မာတိုင်းရင်းသားအသင်းများ၏ အသင်းချုပ်ကြီး” (General Council of Burmese Association – G.C.B.A) က “ပထမဆုံး ရွှေတံဆိပ်ဆုကြီး” ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

အကယ်၍ ထိုစဉ်က (၁၉၂၀ ပြည့်နှစ်) မြန်မာ့ရုပ်ရှင်ဓာတ်ပုံပညာရှင်ဦးအုန်းမောင်၏ “ဦးထွန်းရှိန် ဈာပနအခမ်းအနား မှတ်တမ်းတင်ရုပ်ရှင် သတင်းကားမပေါ်ပေါက်ခဲ့လျှင် မြန်မာ့ရုပ်ရှင်သည်လည်း ယခုမြန်မာ့ရုပ်ရှင် နှစ် (၁၀၀) ပြည့် သဘင်အခမ်းအနားကြီးသို့ ရောက်ရှိလာဦးမည်မဟုတ်ပါ။ ဦးအုန်းမောင်၏ အပတ်တကုတ် ကြိုးပမ်းအားထုတ်မှုကြောင့် အောင်အောင်မြင်မြင်ရိုက်ကူး ပြသနိုင်ခဲ့သော “ဦးထွန်းရှိန်ဈာပနသတင်းကား” မှာ မြန်မာ့ရုပ်ရှင်၏ သန္ဓေမျိုးစေ့အဖြစ် မွေးဖွားကြီးပြင်းလာခဲ့ရာမှ ယနေ့ နှစ် (၁၀၀) ပြည့်တိုင်တိုင် ရောက်ရှိလာခဲ့ပြီဖြစ်ရာ ဖြတ်သန်းလျှောက်လှမ်းခဲ့ရသော ရုပ်ရှင်သက်တမ်းတစ်လျှောက် အတွေ့အကြုံ၊ အခက်အခဲအမျိုးမျိုး ကြားထဲမှ ကျော်လွှားကာ ယနေ့ကမ္ဘာတွင်“မြန်မာ့ရုပ်ရှင်” ဟူ၍ ခံ့ညားတင့်တယ်စွာ ရပ်တည်ပြသနိုင်အောင် အတွေ့အကြုံရင့်ကျက်သော “မြန်မာ့ရုပ်ရှင်” ဖြစ်လာခဲ့ပါသည်။

ဆက်လက်၍ ၁၉၂၁ ခုနှစ်တွင် မြန်မာ့ဇာတ်လမ်းရုပ်ရှင်ဒုတိယမြောက်ရုပ်ရှင်ကားကို ဆရာဦးအုန်းမောင်က ဆက်လက်ရိုက်ကူးရာ ထိုဇာတ်ကားကို “ကျေးတောသူမနု” ဟု အမည်ပေးခဲ့သည်။ ထိုဇာတ်ကားတွင် ပထမဦးဆုံး မြန်မာ့အမျိုးသားသရုပ်ဆောင် “ကိုညီပု” နှင့် အမျိုးသမီးသရုပ်ဆောင်သစ် “မငွေမြိုင်” တို့ပါဝင်ခဲ့ရာ ထိုဒုတိယမြောက် အသံတိတ်ဇာတ်ကားမှာ ပထမ “မေတ္တာနှင့်သူရာ” ဇာတ်ကားထက် ရုပ်ရှင်ဓာတ်ပုံများ ကြည်လင်ပြတ်သားလာခဲ့သည်။ ကိုညီပုက နိုင်ငံခြားရုပ်ရှင် စာအုပ်စာစောင်များကို ဖတ်ရှုခဲ့ရာမှ သရုပ်ဆောင်များကို မိတ်ကပ်လိမ်းခြယ်ပေးမှသာ ရုပ်ရှင်ပိတ်ကားပေါ်တွင် ပို၍ကြည့်ကောင်းလာကြောင်း သိရှိခဲ့ကာ ထိုဇာတ်ကားမှစ၍ သရုပ်ဆောင်သူများ မိတ်ကပ်ကို စတင်သုံးစွဲခဲ့ကြသည်ဟု သိရသည်။

ထိုစဉ်က ရုပ်ရှင်သရုပ်ဆောင်များ မိတ်ကပ်သုံးစွဲပုံမှာ “အင်းစိန်မရွှေမ” မျက်နှာချေကို သကြားရည်ဖြင့် ဖျော်စပ်၍ မျက်နှာပြင်တစ်ခုလုံးကို လိမ်းခဲ့ကြရသည်။ နှုတ်ခမ်းနီစေရန် အမွှေးတိုင်ထုပ် စက္ကူအနီ သို့မဟုတ် ယပ်တောင်အနီနှင့် နှုတ်ခမ်းကိုပွတ်ကြရသည်။ မျက်ခုံးမွေးအတွက် တရုတ်မင်တောင့်ခဲကို သွေးပြီး သွားပွတ်တံအသေးဖြင့် ဆွဲခဲ့ကြရသည်။ “ကျေးတောသူမနု” အမည်ရှိ ဒုတိယမြောက် မြန်မာ့အသံတိတ်ရုပ်ရှင်ဇာတ်ကားကို ၁၉၂၁ ခုနှစ် မတ်လတွင် ဒီပဲရစ်ရုပ်ရှင်ရုံ၌ ပြသခဲ့ရာ နေ့စဉ်အမြဲပွဲတိုင်းရုံလျှံနေအောင် ရုပ်ရှင်ပရိသတ်တို့က အားပေးကြည့်ရှုခဲ့ကြသည်ဟု သိရပါသည်။ ။

# မြန်မာနိုင်ငံ ရေဝပ်ဒေသမှ ဆောင်းခိုငှက်များကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်လို

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံရှိ ရေဝပ်ဒေသများတွင် ဆောင်းခိုငှက်များအတွက် လုံလောက်သောအစာရေစာများကိုထောက်ပံ့ပေးစွမ်းနိုင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ပျက်စီးယိုယွင်းမှုနည်းပါးခြင်းတို့ကြောင့် ဆောင်းရာသီကာလတွင် ဆောင်းခိုငှက် အများအပြား နှစ်စဉ်ရောက်ရှိလာကြသဖြင့် ငှက်မျိုးစိတ်များ ပျောက်ပျက်မှုမရှိစေရေး ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်း (BANCA) မှ အမှုဆောင် ဒါရိုက်တာ ဒေါက်တာသီရိဒေဝီအောင်က ပြောသည်။

**အသက်ဆက်ရှင်သန်နိုင်စေရန်**

ဆောင်းခိုငှက်များသည် ၎င်းတို့ သားပေါက်နေထိုင် ကျက်စားရာ ကမ္ဘာ့မြောက်ခြမ်း အအေးပိုင်းဒေသ ဆောင်းရာသီ၏ တိုတောင်းလွန်းသော နေ့တာ၊ အေးခဲ၍ ပြင်းထန်သော ရာသီဥတု၊ အစာရေစာ အခက်အခဲများကို ရှောင်ရှား၍ မျိုးဆက်တည်တံ့ခြင်းနှင့် အသက်ဆက်ရှင်သန်နိုင်စေရန် ပူနွေးသော ကမ္ဘာ့တောင်ဘက်ခြမ်း ဒေသများသို့ ခေတ္တပြောင်းရွှေ့ ဆောင်းခိုကြရခြင်း ဖြစ်ကြောင်းနှင့် ထိုသို့ ကမ္ဘာ့အနှံ့နယ်မြေမှ ရွှေ့ပြောင်း ဆောင်းခိုရန် ပျံသန်းရာ လမ်းကြောင်းကြီး ကိုးခုရှိပြီး ပျံသန်းရာလမ်းကြောင်းတစ်လျှောက် မြစ်များ၊ တောင်များ၊ တောင်တန်းနှင့် ပင်လယ်များ အစရှိသည်တို့ကို မှတ်သားကာ အလိုရှိရာ နေရာသို့အရောက် ခရီးမိုင်ပေါင်း ထောင်၊ သောင်းချီ၍ ဖြတ်ကျော် ပျံသန်းကြရသည်ဟု ဆိုသည်။

ဆောင်းခိုငှက်များတွင် ရေဘဲကဲ့သို့သော ငှက်များအပါအဝင် ကုန်းငှက်များနှင့် ကမ်းခြေနေ ငှက်များလည်းပါဝင်ကာ လာရောက်ကျက်စားလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ပျံသန်းလာကြသော ဆောင်းခိုငှက်များသည် ပျံသန်းရာ လမ်းကြောင်းကြီး ကိုးခုအနက် East Asian Australasian Flyway လမ်းကြောင်းနှင့် Central Asian Flyway လမ်းကြောင်းတို့ကို အသုံးပြုလေ့ရှိကြပြီး စက်တင်ဘာလတွင် မြန်မာနိုင်ငံသို့ ရောက်ရှိ၍ ကုန်းငှက်များမှာ မြန်မာနိုင်ငံ အနှံ့အပြားနှင့် ရေငှက်များသည် မြန်မာနိုင်ငံ၏ ရေချိုရေဝပ်ဒေသများအပြင် ပင်လယ်ကမ်းခြေများတွင် ကောင်ရေ သိန်းဂဏန်းခန့် လာရောက်၍ ဆောင်းခိုကျက်စားလေ့ရှိကြောင်း ငှက်စာရင်းကောက် သုတေသနပြုသူများထံမှ သိရသည်။

မြန်မာနိုင်ငံ၏ ဆောင်းခိုငှက်များ အဓိကကျက်စားရာ နေရာများမှာ အင်းတော်ကြီးကန်၊ အင်းလေးကန်၊ ပလိပ်အင်း၊ ပြူကန်၊ မိုးယွန်းကြီးအင်း၊ မုတ္တမပင်လယ်ကွေ့၊ နံ့သာကျွန်း၊ မိန်းမလှကျွန်းနှင့် တနင်္သာရီကမ်းရိုးတန်းဒေသများ ဖြစ်ကြောင်းလည်း သိရသည်။

**မျိုးဆက်တည်တံ့ရေး**

အဆိုပါဒေသများတွင် ကျက်စားကြပြီး မေလတွင် လာရာလမ်းဖြစ်သော ကမ္ဘာ့မြောက်ခြမ်းဒေသများသို့ သားပေါက်ရန် မျိုးဆက်တည်တံ့ရေး ခရီးနှင်ကြရမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ထိုသို့ ခက်ခဲကြမ်းတမ်းသော ခရီးလမ်းပျံသန်း၍ နှစ်စဉ်လာရောက်ဆောင်းခိုသော ငှက်မျိုးစိတ်များ ကျက်စားရာနေရာကို နိုင်ငံတကာ အရေးကြီး ရေဝပ်ဒေသအဖြစ် သတ်မှတ်ကာ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁၁၃၆ မျိုးရှိပြီး ဆောင်းခိုကျက်စားသော ငှက်မျိုးစိတ် ၃၀၀ ပါဝင်ကာ အဆိုပါဆောင်းခိုငှက်များထဲ၌ ရေငှက်မျိုးစိတ် ၁၃၀ ခန့် ရှိခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

“ကျွန်မတို့နိုင်ငံဟာ ပထဝီအနေအထားအရ မြစ်ချောင်းအင်းအိုင် စတဲ့ ကုန်းတွင်းရေတိမ်ဒေသများ ပေါပြီး ဆောင်းခိုငှက်များအတွက် အစာရေစာ ဇီဝအရင်းအမြစ် ပေါကြွယ်ဝတဲ့ နိုင်ငံပါ။ ဒါကြောင့်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက အခုအချိန်ထိ ဆောင်းခိုငှက်များကို မြင်တွေ့နေရခြင်းဖြစ်တယ်။ မြန်မာနိုင်ငံမှာ ဆောင်းခိုငှက်မျိုးစိတ်တွေ အဓိက ခြိမ်းခြောက် ခံရတာကတော့ ဆောင်းခိုငှက်တွေကို အလှမွေးငှက်အဖြစ် မွေးမြူတာ။ စားသောက်ဖွယ်ရာ အသားဟင်းလျာအဖြစ် အရှင်ဖမ်းဆီးရောင်းချတာတွေနဲ့ သတ်ဖြတ်ရောင်းချတာတွေရယ်ကြောင့် အခုတဖြည်းဖြည်းရှားလာပြီ။ တစ်ကမ္ဘာလုံးမှာလည်း အဲဒီလို ဖြစ်နေတာ။ တစ်ကမ္ဘာလုံးမှာဆိုရင် ဘယ်လောက်အထိ အခြေအနေဆိုးသွားလည်းဆိုတော့ မျိုးစိတ်အရေအတွက်သာမက အကောင်ရေအရေအတွက်ပါ ကျဆင်းနေပြီ။ နောက်ပြီး သူတို့ နေထိုင်ကျက်စားရာ နယ်မြေတွေ လျော့နည်းလာတာရယ်၊ ရေဝပ်ဒေသတွေ တိမ်ကောပျက်စီး ပျောက်ကွယ်တာတွေကြောင့် ဆောင်းခိုငှက်မျိုးစိတ် ပျောက်ကွယ်မှာကို စိုးရိမ်နေရပါတယ်” ဟု အမှုဆောင်ဒါရိုက်တာ ဒေါက်တာ သီရိဒေဝီအောင်က ရှင်းပြသည်။





ယခင်နှစ် ဆောင်းခိုရာသီကာလ၌ ပဲခူးတိုင်းဒေသကြီး မိုးယွန်းကြီးအင်းအတွင်း လာရောက်ကျက်စားသည့် ငှက်မျိုးစိတ်အချို့ကို တွေ့ရစဉ်။

**ဆောင်းခိုငှက်များစတင်ဝင်ရောက်**

အဆိုပါ မြန်မာနိုင်ငံရှိ အရေးကြီး ရေဝပ်ဒေသနှင့် အခြားကုန်းတွင်းဒေသ အနှံ့အပြားသို့ လက်ရှိကာလတွင် ဆောင်းခိုငှက်များက စတင်ဝင်ရောက်နေပြီဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် အဆိုပါ ဆောင်းခိုငှက်များကို ဖမ်းဆီးသတ်ဖြတ်ရောင်းဝယ်ခြင်းများ မပြုလုပ်ခြင်းဖြင့် မိမိနိုင်ငံ မိမိဒေသ၏ သက်ရှိလောကနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ကြောင်း၊ ယခုနှစ် ဆောင်းခိုငှက်များ ရွှေ့ပြောင်းကျက်စားသည့်ရာသီတွင် ဆောင်းခိုငှက်များ စစ်တမ်းကောက်ယူမှုကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သက်ဆိုင်ရာက ဖြေလျှော့မှုအပေါ် မူတည်ကာ လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

**ထိန်းသိမ်းစောင့်ရှောက်သင့်**

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ဂေဟစနစ်များ ကောင်းမွန်နေခြင်းကြောင့်သာ ဆောင်းခိုငှက်များ လာရောက်နေထိုင် ကျက်စားကြခြင်းဖြစ်၍ ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များတွင် လူသားများကိုသာမက တောရိုင်းတိရစ္ဆာန် ကျေးငှက်များကိုလည်း ခရီးသွားဧည့်များအဖြစ် ပြည်သူများက လက်ခံပေးရန်၊ စောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ သို့မှသာ နောင် သားစဉ်မြေးဆက်အထိ ယင်းငှက်များကို ဆက်လက်မြင်တွေ့ လေ့လာကြည့်ရှုခွင့်ရရှိစေနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေ့ပြောင်းဆောင်းခိုငှက်များအား ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ငှက်ချစ်သူများက ပြောဆိုကြသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ပိန်းဇလုပ်-သိန်းညွန့်**

---

❖ *ကျော့ဖုံးမှ*

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၄၈) ဦး အနက် ရောဂါအခံရှိသူ (၄၅) ဦး ပါဝင်ပါသည်။
- COVID-19 ကုသရေးဌာနများ၊ ဝေဘာဂီအထူးကုဆေးရုံကြီးနှင့် တောင်ဥက္ကလာပအထူးကု ဆေးရုံကြီးတို့ရှိ စုစုပေါင်း ခုတင် (၁၀,၀၂၉) ခုတွင် လူနာ (၇,၅၈၉) ဦး တက်ရောက် ဆေးကုသမှုခံယူလျက်ရှိပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲ အတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ(၆၅၇) ဦးအား ၎င်းတို့၏ နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

---

❑ *ကျော့ဖုံးမှ*

ဗဟိုချက်လေဖိအား ၁၀၀၂ ဟတ်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်းဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် ၂၄ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားကာ အောက်တိုဘာ ၁၂ ရက်တွင် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်**

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

---

# ကမ္ဘာ့လက်ဆေးရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် **ကမ္ဘာ့လက်ဆေးရေးနေ့** အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို Water Aid Myanmar က စီစဉ်ကျင်းပမည်ဖြစ်ကာ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် Stay at Home ကာလအတွင်း နေအိမ်တွင်နေထိုင်ရင်း အွန်လိုင်းမှတစ်ဆင့် ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

နေ့စဉ်ဘဝတွင် လက်ဆေးခြင်း အလေ့အထကောင်းများရရှိစေရန်ရည်ရွယ်လျက်လက်ဆေးနေသောဓာတ်ပုံများဖြင့် ပါဝင်ဆင်နွှဲကြရန် ဖိတ်ခေါ်ထားခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်သူများသည် နှစ်သက်ရာ ဖုန်း သို့မဟုတ် ကင်မရာဖြင့် တစ်ဦး လျှင် ဓာတ်ပုံတစ်ပုံသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မိမိကိုယ်တိုင် သို့မဟုတ် အခြားတစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးထက်ပိုသော လူအများ စနစ်တကျ လက်ဆေးနေပုံကို သိသာထင်ရှားစွာ ရိုက်ကူးပြီး ကြည်လင်ပြတ်သားသော အရည်အသွေးရှိရမည်ဖြစ်သည်။ ထို့နောက် Water Aid Myanmar ဖေ့စ်ဘွတ် စာမျက်နှာကို Like and Follow ပြုလုပ်ရပြီး ပြိုင်ပွဲဝင်ဓာတ်ပုံနှင့်အတူ လက်သန့်ရှင်းရေး၏ အရေးကြီးပုံကို ရှင်းပြထားသည့် စာသားအများဆုံး နှစ်ကြောင်း သို့မဟုတ် သုံးကြောင်း ရေးသား၍ Water Aid Myanmar Chat Box သို့ ပေးပို့ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများထဲမှ အွန်လိုင်းအသုံးပြုသူများက Like ပေးသည့် ဓာတ်ပုံ သုံးပုံနှင့် ဒိုင်အဖွဲ့က ရွေးချယ်သည့် ဓာတ်ပုံ သုံးပုံတို့ကို ရွေးချယ်သွားမည်ဖြစ်ပြီး Like အများဆုံးရရှိသော ဓာတ်ပုံ သုံးပုံအတွက် ပထမဆု ကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ် တစ်သိန်းနှင့် ဒိုင်အဖွဲ့ဝင်များ ရွေးချယ်သည့် ဓာတ်ပုံ သုံးပုံအတွက် ပထမဆု ကျပ် ငါးသိန်း၊ ဒုတိယဆု ကျပ် သုံးသိန်း၊ တတိယဆု ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အောက်တိုဘာ ၁၃ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး Water Aid Myanmar Page တွင် အောက်တိုဘာ ၁၄ ရက်မှ စတင်ဖော်ပြသွားမည်ဖြစ်ကာ Like and Share များကို ၁၆ ရက် ညနေ ၆ နာရီအထိ ပြုလုပ်နိုင်မည်ဖြစ်သည်။ ထို့နောက် အောက်တိုဘာ ၁၉ ရက်တွင် ဆုရဓာတ်ပုံများကို ကြေညာ၍ ဆုငွေနှင့်အတူ အမှတ်တရ လက်ဆောင်ပစ္စည်းများပါ ချီးမြှင့်သွားမည်ဖြစ်ကာ ရွေးချယ်ခံရသည့် ဓာတ်ပုံများကို Water Aid Myanmar ၏ ပညာပေးအစီအစဉ်များတွင် အခါအားလျော်စွာ ထည့်သွင်းအသုံးပြုသွားရန် သဘောတူရမည်ဖြစ်ကြောင်း သိရသည်။

ရေနှင့်ဆပ်ပြာ အသုံးပြု၍ စနစ်တကျလက်ဆေးသည့် အလေ့အကျင့်ကောင်းသည် ရောဂါပိုးများ ကူးစက်ပြန့်ပွားမှုကို ကာကွယ်နိုင်ရန်နှင့် လူ့အသက်များကို ကယ်တင်နိုင်ရန် လွယ်ကူထိရောက် စရိတ်သက်သာသည့် နည်းလမ်းဖြစ်ကြောင်း လူအများသိရှိစေရန် ရည်ရွယ်လျက် ၂၀၀၈ ခုနှစ်မှ စတင်ကာ နှစ်စဉ် အောက်တိုဘာ ၁၅ ရက်နေ့တိုင်း ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့လက်ဆေးရေးနေ့ကို ကျင်းပခဲ့သည်။ ယခု ၂၀၂၀ ပြည့်နှစ်အတွက် ကမ္ဘာ့လက်ဆေးရေးနေ့ ဆောင်ပုဒ် မှာ “အားလုံးကျန်းမာဖို့ လက်သန့်ရှင်းကြစို့” ဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကို နေရာအနှံ့တွင် ရင်ဆိုင်ကျော်ဖြတ်နေရသည့် ကာလဖြစ်ခြင်းကြောင့် လက်ဆေးခြင်းအလေ့အထကို ပိုမိုအလေးထား လုပ်ဆောင်ရမည်ဖြစ်သည်။

**အောင်သူရ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် အောက်တိုဘာ ၉ ရက် ညနေ ၆ နာရီက တမူးမြို့နယ် ခမ်းပါတ်မြို့ ထင်းဇင်ကျေးရွာအုပ်စု ကမ္မကြီးကျေးရွာအနီး



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ။

ကလေး-တမူးသွားကားလမ်းတွင် လားချွန်မောယာ(ခ)မောယာ မောင်းနှင်ပြီး ဇိုင်းမိုင်းထန်းငါ၊ ရန်လင်းအောင်(ခ)မားလူနာ လိုက်ပါလာသည့် ခရီးသည်တင် မှန်လုံယာဉ်ကို ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၆၆ ကီလိုကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၁၀ ရက် ညနေ ၇နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် မိုးညှင်းမြို့- နန့်စီးအောင် သွားကားလမ်း နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သန်းလွင်ဦး မောင်းနှင်ပြီး မင်းမင်းလတ်နှင့် ဟန်လင်းအောင် တို့လိုက်ပါလာသည့် နစ်ဆန်း ၁၂ ဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အမိုနီယံနိုက်ထရိတ် ၁၇၄၆၀ ကီလိုကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ကျောက်ဆည်မြို့နယ် ကင်းကျေးရွာအုပ်စု ကင်းကျေးရွာအနီး ရွှာင် - မြို့ကြီး - ဟန်မြင့်မိုရ်သွား ကားလမ်းတွင် Hiace အမျိုးအစားမော်တော်ယာဉ်ကို စစ်ဆေးရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ကျောက်ဆည်မြို့နယ် ကင်းကျေးရွာနှင့် ရွှာင်မြို့နယ် ကညို့ကျေးရွာနယ်နိမိတ်အစပ်ရှိ တောစပ်တွင် ယာဉ်မောင်းကိုမတွေ့ရှိဘဲ ရပ်တန့်ထားသည့်ယာဉ်ကိုတွေ့ရှိသဖြင့် ရှာဖွေရာ ငွေကျပ် သိန်း ၂၇၃၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ဒသမ ၂ သိန်း ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# မြန်မာကလပ်အသင်းများယှဉ်ပြိုင်မည့် AFC Cup ပြိုင်ပွဲနှင့်ပတ်သက်၍ အာရှဘောလုံးအဖွဲ့ချုပ် ထပ်မံအတည်ပြုမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် AFC Cup ပြိုင်ပွဲနှင့်ပတ်သက်၍ ထပ်မံအတည်ပြုမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်တွင် ပြီးဆုံးအောင် ကျင်းပနိုင်ခြင်းမရှိသဖြင့် လာမည့်နှစ်တွင် ကျင်းပမည့်ကာလကို ထပ်မံထုတ်ပြန်ရမည်ဖြစ်သည်။



AFC Cup ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့်ရမည့် ဟံသာဝတီအသင်း

မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် ၂၀၁၂ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၂၁ ပြိုင်ပွဲတွင် ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲ ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက အုပ်စုအဆင့်နှင့် ဒုတိယ ဆုရသည့် ဟံသာဝတီအသင်းက ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲတွင်လည်း ယှဉ်ပြိုင်ခွင့်ရထားပြီး ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲ အုပ်စုအဆင့်တွင် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကျင်းပနိုင်ခြင်းမရှိရာ အမှတ်ပေးပြိုင်ပွဲတွင် ဒုတိယရသည့် ဟံသာဝတီအသင်းက AFC Cup ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ မြန်မာကလပ်အသင်းများသည် AFC Cup ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ တစ်သင်း၊ ခြေစစ်ပွဲအဆင့်မှ တစ်သင်းသာ ယှဉ်ပြိုင်ခွင့်ရထားပြီး ရှုံးထွက်ချန်ပီယံအသင်း သို့မဟုတ် အမှတ်ပေးပြိုင်ပွဲ ဒုတိယရသည့်အသင်းက ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

AFC Cup ပြိုင်ပွဲတွင် မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်၊ ရွှေဝတီ၊ ရတနာပုံ၊ နေပြည်တော်၊ မကွေး၊ ရှမ်းယူနိုက်တက်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး ဟံသာဝတီအသင်းက ပထမဆုံး ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ခုနှစ်တွင် ပြိုင်ပွဲကျင်းပသည့်ပုံစံသစ် ပြောင်းလဲခဲ့ပြီး ပုံစံသစ်ဖြင့် ပြောင်းလဲပြီးနောက် အမြင့်ဆုံးရပ်တည်မှုအဖြစ် ရန်ကုန်အသင်းက ၂၀၁၈ ပြိုင်ပွဲတွင် အာဆီယံဇုန် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲများကို ဇန်နဝါရီ၊ အုပ်စုအဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီတွင် စတင်ကျင်းပရန် သတ်မှတ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ကျင်းပမည့်ကာလကို ထပ်မံ အတည်ပြုရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**


အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။




■ *ကျော့ဖုံးမှ*

ဒေါ့ပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အတွင်းမှာရှိတဲ့ အများပြည်သူတွေ သိရှိအောင် သက်ဆိုင်ရာအားကစားမှူးတွေ ချိတ်ဆက်ပြီး ဆောင်ရွက်နေပါတယ်” ဟု အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးငွေအောင်က ပြောသည်။ အဆိုပါ “လှုပ်လှုပ်ရှားရှား အားကစား” အစီအစဉ်ကို အောက်တိုဘာ ၁၀ ရက်က Facebook Page/ Group စတင်ထုတ်လွှင့်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရှိ ဝါသနာရှင်များနှင့် ပြည်သူများလိုက်ပါလေ့ကျင့်ပြီး ပြိုင်ပွဲဝင်နိုင်ကြောင်း၊ ပွဲစဉ်(၁)ကို အောက်တိုဘာ ၁၉ ရက်မှ ၂၃ ရက်အထိ သတ်မှတ်ကကွက်ပွဲစဉ်နှင့် စိတ်ကြိုက်ကကွက်ပွဲစဉ်တစ်ပွဲ စုစုပေါင်း ကိုးပွဲယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် အကောင်းဆုံးတိုင်းဒေသကြီးနှင့် ပြည်နယ်ကို ပထမ ငွေကျပ် သိန်း၂၀၊ ဒုတိယ ငွေကျပ် ၁၇ သိန်း၊ တတိယငွေကျပ် ၁၅ သိန်း၊ ခရိုင်တွင် ပထမ ငွေကျပ် သိန်း၂၀၊ ဒုတိယ ငွေကျပ် ၁၇ သိန်း၊ တတိယ ငွေကျပ် ၁၅ သိန်း၊ နှစ်သိမ့်ဆု ငါးဆုကို တစ်ဆုလျှင် ငွေကျပ် ၁၀ သိန်းစီ၊ မြို့နယ်တွင် ပထမ ငွေကျပ် သိန်း၂၀၊ ဒုတိယ ငွေကျပ် ၁၇ သိန်း၊ တတိယ ငွေကျပ် ၁၅ သိန်း၊ နှစ်သိမ့်ဆု ငါးဆုကို တစ်ဆုလျှင် ငွေကျပ် ၁၀ သိန်းစီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ဦးချင်း ပထမငွေကျပ် သုံးသိန်း၊ ဒုတိယငွေကျပ် နှစ်သိန်း၊ တတိယ ငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆု ငါးဆုကို တစ်ဆုလျှင် ငွေကျပ် ငါးသောင်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

● *ကျော့ဖုံးမှ*

ပွဲကစားချိန် ၁၄ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ ဂိုးသည် စပိန်အသင်းအတွက် အိုယာဇာဘယ်၏ ရှစ်ပွဲမြောက်ပါဝင် ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ရီးရဲဆိုစီဒက်အသင်းတွင် ၂၀၁၅ ခုနှစ်မှ လက်ရှိအချိန်အထိ ပွဲပေါင်း ၂၀၀ ပါဝင်ကစားထားသူဖြစ်ပြီး ၅၁ ဂိုးသွင်းယူပေးထားနိုင်သူဖြစ်သည်။ ယနေ့ပွဲတွင် စပိန်အသင်းသည် ဂိုးသမားနေရာတွင် ဒီဂီယာကို ပွဲထုတ်လာခဲ့ပြီး ရာမို့စ်၊ နာဗက်စ်၊ ဘတ်စ်ကွက်စ်၊ အိုလ်မို၊ အိုယာဇာဘယ်၊ ဖာရန်တောရက်စ်၊ အန်ဆူဖာတီ စသည့် အဓိကကစားသမားများကို အသုံးပြုကာ ဆွစ်ဇာလန်အသင်းကို ရင်ဆိုင်ကစားစေခဲ့သည်။ ဆွစ်ဇာလန်အသင်းကလည်း အသင်း၏ အဓိကကစားသမားများဖြစ်သည့် ဆွန်မာ၊ ရိုဒရီဂွက်ဇ်၊ ဘင်နီတို၊ ဝစ်မာ၊ ဇာကာ၊ ဖရက်လာ၊ ဆီဖာရိုဗစ်တို့ကို အသုံးပြုကာ စပိန်အသင်းကို ရင်ဆိုင် ကစားစေခဲ့သည်။

ဆွစ်ဇာလန်အသင်းသည် နေးရှင်းလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားထားပြီး တစ်ပွဲသရေကျကာ နှစ်ပွဲရှုံးနိမ့်ထားသည့်အတွက် ရမှတ် တစ်မှတ်ဖြင့် အမှတ်ပေးဇယား အောက်ဆုံးနေရာတွင် ရပ်တည်နေသည်။ ဆွစ်ဇာလန်အသင်းသည် အောက်တိုဘာ ၁၄ ရက်တွင် နေးရှင်းလိဂ်ပွဲစဉ် (၄) အဖြစ် ဂျာမနီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ စပိန်အသင်းက ထိုနေ့တွင် ယူကရိန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားသောပွဲစဉ်တွင် ဂျာမနီအသင်းက ယူကရိန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောကြောင့် နေးရှင်းလိဂ် ပြိုင်ပွဲတွင် သုံးပွဲကစားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရမှတ် ငါးမှတ်ရရှိကာ အဆင့် (၂) နေရာတွင် ရပ်တည်နေသည်။ ဂျာမနီအသင်းအတွက် ဂိုးများကို ပွဲကစားချိန် မိနစ် ၂၀ နှင့် ၄၉ မိနစ်တို့တွင် ဂျင်တာနှင့် ဂိုရက်စ်ကာတို့က သွင်းယူပေးနိုင်ခဲ့သည်။ ယူကရိန်းအသင်းအတွက် ချေပဂိုးကို ပွဲကစားချိန် ၇၇ မိနစ်အရောက်တွင် ပယ်နယ်တီမှတစ်ဆင့် မာလင်နိုဗက်စ်ကီးက သွင်းယူပေးခဲ့သည်။ ယူကရိန်းအသင်းသည် ယခုပွဲတွင် ရှုံးနိမ့်ခဲ့သောကြောင့် နေးရှင်းလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားပြီး တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် သုံးမှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်နေသည်။ ယနေ့ပွဲတွင် ဂျာမနီအသင်းသည် နူအာ၊ ရူဒီဂါ၊ ဂျင်တာ၊ ခရူးစ်၊ ဒရက်ဇ်လာ၊ ဂိုရက်စ်ကာ၊ ဂနာဘရီစသည့် ကစားသမားများကို အသုံးပြုကာ ယူကရိန်းအသင်းကို ရင်ဆိုင်ကစားခဲ့သည်။ ယူကရိန်းအသင်းသည် နေးရှင်းလိဂ်ပွဲစဉ် (၄) အဖြစ် အောက်တိုဘာ ၁၄ ရက်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ဂျာမနီအသင်းက ဆွစ်ဇာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**



ယူကရိန်းနှင့် ဂျာမနီယှဉ်ပြိုင်စဉ်။

# အမေရိကန်သမ္မတထရမ့် ရပ်နားထားသော မဲဆွယ်စည်းရုံးမှုများ ပြန်လည်စတင်သွားမည်

ဝါရှင်တန် အောက်တိုဘာ ၁၁

**အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ၎င်းအနေဖြင့် ကိုဗစ်-၁၉ တွေ့ရှိသည့်အချိန်မှစ၍ ရပ်ဆိုင်းခဲ့ရသော ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများကို ပြန်လည်စတင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ၎င်းနှင့် ၎င်း၏ယှဉ်ပြိုင်ဘက် ဂျိုးဘိုင်ဒင်တို့သည် ရွေးကောက်ပွဲရလဒ်ကို ပြောင်းလဲပေးမည့် အဓိကမဲဆန္ဒနယ်များသို့ သွားရောက်၍ မဲဆွယ်စည်းရုံးမှုများ ဆက်လက်ပြုလုပ်မည်ဖြစ်သည်။**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဆေးရုံတွင် သုံးရက်ကြာ ဆေးကုသမှုခံယူပြီးနောက် ပထမဆုံးအကြိမ် လူထုရှေ့ထွက်လာသည့်အနေဖြင့် အိမ်ဖြူတော် လသာဆောင်မှနေ၍ ထောက်ခံသူများအား အောက်တိုဘာ ၁၀ ရက်က မိန့်ခွန်းပြောကြားသည်။

### မဲဆွယ်မှုများပြုလုပ်ရန် စီစဉ်ထား

အမေရိကန်သမ္မတ ထရမ့်သည် အဓိကပြိုင်ဘက်မဲဆန္ဒနယ်မြေများဖြစ်သည့် ဖလော်ရီဒါ၊ ပင်ဆယ်ဗေးနီးယားနှင့် အိုင်အိုဝါတို့တွင် အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ မဲဆွယ်မှုများပြုလုပ်ရန် စီစဉ်ထားသည်။

ဒေါ်နယ်ထရမ့်သည် မဲဆွယ်စည်းရုံးမှုများ လုပ်ရန် စိတ်အားထက်သန်လျက်ရှိသည်။ ဘိုင်ဒင်သည် မကြာသေးမီက ပြုလုပ်ခဲ့သော လူထုစစ်တမ်းကောက်ယူမှုတွင် ထရမ့်ကို ဦးဆောင်လျက်ရှိသည်။ သို့သော်လည်း တချို့က အမေရိကန်သမ္မတဒေါ်နယ် ထရမ့်သည် ကိုဗစ်-၁၉ ကူးစက်ခံရမှုမှ အပြည့်အဝပြန်လည် ကောင်းမွန်လာပြီလားဆိုသည်ကို သံသယဝင်လျက်ရှိသည်။

### ကူးစက်ပျံ့နှံ့နိုင်သည့် အန္တရာယ်မရှိ

သမ္မတထရမ့် ဆရာဝန်၏ ပြောကြားချက်ကို အိမ်ဖြူတော်က မှတ်တမ်းထုတ်ပြန်ရာတွင် သမ္မတထရမ့်၏ ပီစီအာရ်စမ်းသပ်စစ်ဆေးမှုသည် လက်ရှိအသိအမှတ်ပြုထားသော စံသတ်မှတ်ချက်များအရ ၎င်းတွင် ကူးစက်ပျံ့နှံ့နိုင်သည့်အန္တရာယ်မရှိကြောင်း ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတထရမ့် အိမ်ဖြူတော်လသာဆောင်မှနေ၍ ထောက်ခံသူများအား မိန့်ခွန်းပြောနေစဉ်။




ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆွီဒင်ဆယ်ကျော်သက် ဂရီတာသွန်းဘာ့ဂ် ဆန္ဒဖော်ထုတ်နေသည်ကို တွေ့ရစဉ်။

# ဘိုင်ဒင်ကို ရွေးချယ်ရန် အမေရိကန်မဲဆန္ဒရှင်များကို ဂရီတာတိုက်တွန်း

**စတော့ဟုမ်း အောက်တိုဘာ ၁၁**

ဆွီဒင်သဘာဝပတ်ဝန်းကျင် လှုံ့ဆော်သူ ဂရီတာသွန်းဘာ့ဂ်က အမေရိကန်ဆန္ဒမဲပေးသူများအနေဖြင့် ဂျိုးဘိုင်ဒင်ကို ရွေးချယ်ရန် အောက်တိုဘာ ၁၀ ရက်က တိုက်တွန်းလိုက်သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် အရေးပါသော အခန်းကဏ္ဍကပါဝင်သောကြောင့် သူ့အနေဖြင့် ထိုကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

" အနာဂတ်အတွက် သောကြာနေ့များ" ရာသီဥတုတက်ကြွလှုပ်ရှားသူများအဖွဲ့၏ တည်ထောင်သူအသက် ၁၇ နှစ်ရှိ ဂရီတာသွန်းဘာ့ဂ်က တွစ်တာတွင် မိမိအနေဖြင့် မည်သည့်အခါမျှ ပါတီနိုင်ငံရေးတွင် ပါဝင်ခြင်း မရှိကြောင်း၊ သို့သော်လည်း လာမည့် အမေရိကန်သမ္မတ ရွေးကောက်ပွဲသည် ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်အတွက် ထိပ်တန်းနေရာက ပါဝင်နေသလို သည့်ထက်လည်း ပိုသည်ဟု ပြောကြားလိုက်သည်။

ရာသီဥတု ရှုထောင့်ကကြည့်မည်ဆိုလျှင် တခြားကိုယ်စားလှယ်လောင်းကိုထောက်ခံပါက ယခုကိစ္စသည် ဖြစ်နိုင်စရာ အကြောင်း မရှိသလောက်ဝေးကွာမည်ဖြစ်ကြောင်းနှင့် ထို့ကြောင့် မိမိအနေဖြင့် အမေရိကန် မဲဆန္ဒရှင်များအား ဘိုင်ဒင်ကိုမဲပေးရန် ပြောကြားခြင်းဖြစ်ကြောင်း ဂရီတာသွန်းဘာ့ဂ်က ပြောသည်။

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သတိပေးချက်များကို မျက်ကွယ်ပြုပြီး ဂရီတာသွန်းဘာ့ဂ်ကို အထင်အမြင်သေးနေသော အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ဘိုင်ဒင်က စိန်ခေါ်ထားသည်။

ဂရီတာသည် သူ၏စိတ်ဆိုးဒေါသထွက်နေသည့် စီမံခန့်ခွဲမှုပြဿနာများ အတိုင်း လုပ်ဆောင်နေခြင်း ဖြစ်ကြောင်း၊ ရုပ်ရှင်ကားဟောင်းတစ်ကားကို သူငယ်ချင်းနှင့်အတူ သွားကြည့်လိုက်၊ သနားစရာကောင်းတဲ့ဂရီတာ ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တစ်ခါက တွစ်တာ၌ အထင်အမြင်သေးစွာ ရေးသားဖော်ပြခဲ့သလို ကုလသမဂ္ဂတွင် မိန့်ခွန်းပြောခဲ့စဉ်ကလည်း သူဟာတောက်ပပြီး အံ့သြစရာကောင်းသည့် အနာဂတ်ကို မျှော်လင့်တောင့်တနေသော ငယ်ရွယ်ပျော်ရွှင်သည့် မိန်းကလေးတစ်ယောက်ပဲဟုလည်း မှတ်ချက်ပြုဖော်ပြခဲ့ဖူးသည်။

ဘိုင်ဒင်က ဂရီတာကို လက်ကမ်းကြိုဆိုခဲ့သလို ၎င်း၏ ရာသီဥတုပြောင်းလဲမှု ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များကိုလည်း ချီးကျူးခဲ့ဖူးသည်။

လွန်ခဲ့သောလက မဂ္ဂဇင်းတစ်စောင်ဖြစ်သည့် သိပ္ပံနည်းကျ အမေရိကန်ဆိုသည့် မဂ္ဂဇင်းကလည်း နှစ်ပေါင်း ၂၀၀ အတွင်း နိုင်ငံရေးသဘောထားကို ပထမဆုံးအကြိမ်အဖြစ် ဖော်ပြသည့်အနေဖြင့် နိုဝင်ဘာ ၃ ရက်၌ ဘိုင်ဒင်ကိုမဲပေးရန် စာဖတ်သူများကို တိုက်တွန်းခဲ့သည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ကူးစက်မှုများ ဥရောပနှင့် လက်တင်အမေရိကတွင် တိုးလာ

**ဘာလင် အောက်တိုဘာ ၁၁**

ကိုဗစ်- ၁၉ ကူးစက်မှုများသည် ဥရောပတွင် တိုးလာပြီး လက်တင်အမေရိကနှင့် မြေထဲပင်လယ်တို့တွင် ၁၀ သန်း ကျော်လွန်ခဲ့သောကြောင့် ဂျာမနီနှင့် ပိုလန်နိုင်ငံတို့တွင် ကိုဗစ် -၁၉ ကို တိုက်ထုတ်ရန် ကန့်သတ်ချက်အသစ်များကို အောက်တိုဘာ ၁၀ ရက်က ပြဋ္ဌာန်းခဲ့သည်။

အပြင်မထွက်ရအမိန့်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အောက်တိုဘာ ၃၁ ရက်အထိ အဖျော်ယမကာရောင်းချသောဆိုင်များနှင့်စားသောက်ဆိုင်များ ည ၁၁ နာရီတွင် ပိတ်ရမည်ဖြစ်သည်။ ဖရန့်ဖတ်မြို့တွင် အဆိုပါ အမိန့်မျိုး ပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ယခုအခါတွင် အရင်က သတ်မှတ်သည့်အချိန်ထက် စော၍ ပိတ်ရန် အသစ်ထပ်မံပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

ဘာလင်တွင်နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်မှုပမာဏသည် ၄၀၀ ကျော်လျက်ရှိသည်။ ဂျာမနီမြို့တော်၏ အထင်ကရဖြစ်သော ညပိုင်းပျော်ရွှင်အပန်းဖြေရာနေရာများကို ကန့်သတ်ပိတ်လိုက်ခြင်းက စီးပွားရေးလုပ်ငန်းအချို့ကို ထိခိုက်မှုရှိစေမည် ဖြစ်သည်။

ယခုအချိန်သည် ပါတီကျင်းပရမည့်အချိန် မဟုတ်ကြောင်းနှင့် ဆိုးရွားသည့် ပိတ်ဆို့မှုများ ထပ်မဖြစ်အောင် လုပ်ရမည်ဟု ဘာလင်မြို့တော်ဝန် မိုက်ကယ်မူလာက ပြောသည်။ အောက်တိုဘာ ၁၀ ရက်က ကန့်သတ်ပိတ်ဆို့မှုများကို ဆန့်ကျင်သည့် တိတ်တဆိတ် ဆန္ဒဖော်ထုတ်မှုတွင် လူထောင်ပေါင်းများစွာ ဘာလင်ကို ချီတက်လာခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောသည်။ ထို့အတူ နှာခေါင်းစည်းတပ်ဆင်မှုကိုဆန့်ကျင်သော ဆန္ဒဖော်ထုတ်သူများသည် ရောမ၊ ဝါဆောနှင့် လန်ဒန်တို့တွင် အလားတူ စုဝေးခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ကိုဗစ်- ၁၉ ကူးစက်မှုများ ရုတ်တရက်တိုးလာခြင်းကို ကိုင်တွယ်နိုင်ရန် ကြိုးစားလျက်ရှိပြီး ကိုဗစ်- ၁၉ သည် ဒုတိယအကျော့အနေဖြင့် ပြန်လည်ဝင်ရောက်လာချိန်တွင် ကန့်သတ်ချက်အသစ်များ ချမှတ်လိုက်ခြင်းအပေါ် လူထုမကျေနပ်မှုများ ကြီးထွားလာခြင်းကို ထိန်းကျောင်းရန်လည်း ကြိုးစားလျက်ရှိသည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သောနှစ်နှောင်းပိုင်းက စတင်ပေါ်ပေါက်လာခဲ့သော ကိုဗစ်- ၁၉ ကြောင့် ယခုအခါ ကမ္ဘာတစ်ဝန်း သေဆုံးသူတစ်သန်းကျော်လွန်လာပြီဖြစ်ပြီး ၃၇ သန်းနီးပါး ကူးစက်ခံထားရသည်။ ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် သန်းချီသော အလုပ်သမားများကိုလည်း အလုပ်ဆုံးရှုံးမှုများဖြစ်စေကာ ကမ္ဘာ့စီးပွားရေးကို ယိုင်နဲ့စေခဲ့သည်။

လက်တင်အမေရိကနှင့် မြေထဲပင်လယ်တို့တွင် ကိုဗစ်- ၁၉ ကူးစက်မှုသည် အောက်တိုဘာ ၁၀ ရက်အထိ ၁၀ သန်းကျော်လွန်လာခဲ့ပြီး သေဆုံးသူ ၃၆၀၀၀၀ ရှိခဲ့ကာ ဒေသတွင်း သေဆုံးမှုအများဆုံး ဖြစ်ခဲ့ကြောင်း တရားဝင် ကိန်းဂဏန်းဖော်ပြချက်များအရ သိရသည်။

**အေအက်ဖ်ပီ**




ရောမတွင် အစိုးရ၏ ကိုဗစ်- ၁၉ ထိန်းချုပ်ရေးဆောင်ရွက်ချက်များကို ဆန့်ကျင်သူများအား အာဏာပိုင်များက ထိန်းသိမ်းထားသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ခုနစ်သန်းကျော်လွန်လာ

**နယူးဒေလီ အောက်တိုဘာ ၁၁**

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုသည် ခုနစ်သန်းကျော်လွန်လာပြီဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက်က အိန္ဒိယနိုင်ငံက ပြောကြားလိုက်သည်။ အမေရိကန်ပြည်ထောင်စုပြီးလျှင် ကမ္ဘာ့ဒုတိယ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအများဆုံးနိုင်ငံအဖြစ် စိတ်ပျက်ဖွယ်သမိုင်းမှတ်တိုင်စိုက်ထူလျက်ရှိသည်။

ကမ္ဘာ့ဒုတိယ လူဦးရေအများဆုံးနိုင်ငံဖြစ်သော အိန္ဒိယ နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်အတည်ပြုလူနာပေါင်း ၇၀၅၃၈၀၆ ဦးရှိလာပြီး သေဆုံးသူပေါင်း ၁၀၈၃၃၄ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် မိသားစုသက်သာချောင်ချိရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်အတည်ပြုလူနာ ၇၄၃၈၃ ဦးရှိကြောင်း မှတ်တမ်းတင်ပြီးနောက် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှုသည် ခုနစ်သန်းကျော်လွန်လာပြီဖြစ်သည်။

စက်တင်ဘာ ၂၈ ရက်က အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ခြောက်သန်းကျော်လွန်ခဲ့သည်။ စက်တင်ဘာ ၁၆ ရက်က ငါးသန်းကျော်သာရှိခဲ့သည်။ ယခုအခါတွင် ခုနစ်သန်းကျော်လွန်လာပြီဖြစ်သဖြင့် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းသည် လျင်မြန်သောအရှိန်ဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

**ကျိုတို၊ ဆင်ဟွာ**

# ဟာရီကိန်းမုန်တိုင်းဝင်ရောက်မှုကြောင့် အမေရိကန်ပြည်ထောင်စု လူဝီစီးယားနားတွင် အိမ်ထောင်စုငါးသိန်းခန့် လျှပ်စစ်ဓာတ်အား ပြတ်တောက်

**ဟူစတန် အောက်တိုဘာ ၁၁**

အမေရိကန်ပြည်ထောင်စု လူဝီစီးယားနားပြည်နယ်တွင် အောက်တိုဘာ ၉ ရက် ညနေပိုင်းက ဟာရီကိန်းမုန်တိုင်း ဒယ်လ်တာဝင်ရောက်မှုကြောင့် မိုးသက်မုန်တိုင်း ကျရောက်ခဲ့ရာ အိမ်ထောင်စုငါးသိန်းနီးပါး အောက်တိုဘာ ၁၀ ရက်တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။

ဟာရီကိန်းမုန်တိုင်း၏ နောက်ဆက်တွဲ သက်ရောက်မှုကြောင့် လူဝီစီးယားနား ပြည်နယ်ရှိ အိမ်ထောင်စုပေါင်း ၄၅၀၀၀၀ ကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ဖြစ်ပွားနေကြောင်း ပြည်နယ်အတွင်းရှိ စွမ်းအင်ဖြန့်ဖြူးသည့် ကုမ္ပဏီကြီး နှစ်ခုဖြစ်သော Entergy နှင့် DEMCO တို့က ပြောကြားခဲ့သည်။

လူဝီစီးယားနား ပြည်နယ်မြို့တော်ဖြစ်သည့် ဘာတန်ရုံ၌ Entergyမှ လျှပ်စစ်ဓာတ်အားဖြန့်ဝေ နေသည့် အိမ်ထောင်စုပေါင်း ၆၄၀၀၀ နှင့် DEMCO မှ လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနေသည့် အိမ်ထောင်စုပေါင်း ၃၆၀၀၀ တို့ အမှောင်ကျလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဟာရီကိန်းမုန်တိုင်းဒယ်လ်တာသည် အောက်တိုဘာ ၉ ရက် ညနေပိုင်းက နံပါတ် ၂ အမျိုးအစား ဟာရီကိန်းမုန်တိုင်းအဖြစ် အားကောင်းလာကာ လူဝီစီးယားနားပြည်နယ် အနောက်တောင်ကမ်းခြေသို့ ဝင်ရောက်လာခဲ့ကာ တစ်နာရီလျှင် လေတိုက်နှုန်း ၁၆၀ ကီလိုမီတာရှိခဲ့ကြောင်း သိရသည်။

ဒယ်လ်တာမုန်တိုင်းသည် အမေရိကန်ပြည်ထောင်စုတွင် မိုးသက်မုန်တိုင်းများ ကျရောက်စေခဲ့သည့် ၁၀ ခုမြောက် မုန်တိုင်းဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လက နံပါတ်လေးအမျိုးအစား ဟာရီကိန်းမုန်တိုင်း လော်ရာကြောင့် လူဝီစီးယားနားပြည်နယ်တွင် မိုးသက်မုန်တိုင်းများကျရောက်ခဲ့ပြီး လူ ၄၀ ကျော် သေဆုံးခဲ့သည်။ **ဆင်ဟွာ**



အမေရိကန်၌ ဟာရီကိန်းမုန်တိုင်း ဒယ်လ်တာ တိုက်ခတ်ခဲ့ပြီးနောက် ထိခိုက်ပျက်စီးမှုအချို့ကို တွေ့ရစဉ်။

# ဂျာမနီနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ပိုမိုများပြားလာ

**ဘာလင် အောက်တိုဘာ ၁၁**

ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဂျာမနီနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၃၄၈၃ ဦး တိုးလာသည့်အတွက် စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၃၂၂၈၆၄ ဦးရှိလာသည်ဟု ရောဘတ်ခိုဂျ် အင်စတီကျူမှ အောက်တိုဘာ ၁၁ ရက် ထုတ်ပြန်ချက်များအရ သိရသည်။

ကူးစက်မှုများ တိုးလာနေသည့်အတွက် ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်ကလည်း ကိုဗစ်–၁၉ ထိန်းချုပ်အရေးအတွက် လူငယ်များ ပိုမိုအရေးတယူ ရှိကြရန် တောင်းဆိုခဲ့သည်။

လူငယ်များနေဖြင့် ပါတီတက်ခြင်း၊ အပြင်ထွက်လျှောက်လည်ခြင်းများထက် မိသားစု၏ ကျန်းမာရေးအဘိုးအဘွားများ၏ ကျန်းမာရေးက အရေးကြီးသည်ဟု စဉ်းစားသင့်ကြောင်း မာကယ်က ပြောကြားခဲ့သည်။

အောက်တိုဘာ ၉ ရက်ကလည်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၄၅၁၆ ဦး ထပ်မံတွေ့ရှိခဲ့သည်။

အဆိုပါပမာဏမှာ အခြားသော ဥရောပနိုင်ငံများဖြစ်သည့် ဗြိတိန်၊ ပြင်သစ်၊ စပိန်နိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင် ကူးစက်ခံရသည့် ပမာဏနည်းပါးနေဆဲဖြစ်သည်။ ဂျာမနီနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ဘာလင်ကို အန္တရာယ်များသည့်ဇုန်အဖြစ်



ကြေညာခဲ့သည်။

အခြားပြည်နယ်များမှ ခရီးသွားလာမည့်သူများ အနေဖြင့်လည်း ကိုဗစ် – ၁၉ ကင်းစင်ကြောင်း လက်မှတ်နှင့် အသွားအလာကန့်သတ်ခြင်းတို့ကို ခံယူရမည်ဖြစ်သည်။

ဆောင်းဦးကာလမှ စတင်ကာ ကိုဗစ် – ၁၉ ကူးစက်မှု ပြန်လည်တိုးမြင့်လာခဲ့ပြီး ဂျာမနီနိုင်ငံ၏ နေ့စဉ်ကူးစက်မှုနှုန်းမှာ ပျမ်းမျှအားဖြင့် ၄၀၀၀ ကျော် ရှိနေခဲ့သည်။

လာမည့် သီတင်းပတ်များတွင် ဂျာမနီနိုင်ငံအတွင်း အခြေအနေ တိုးတက်မှု ရှိမရှိကိုမူ သေချာမပြောနိုင်သေးကြောင်း၊ နေ့စဉ်ကူးစက်မှုနှုန်းမှာလည်း တစ်သောင်းကျော်လာနိုင်ကြောင်း ရောဘတ်ခိုဂျ်အင်စတီကျူမှ ဥက္ကဋ္ဌ လိုသာဝီလာက ပြောသည်။ **ဆင်ဟွာ၊ ဝါရှင်တန်ပို့စ်**

# မြောက်ကိုရီးယားခေါင်းဆောင်က စစ်ရေးပြအခမ်းအနား၌ တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်ကို ပြသ

**ပြုံယမ်း အောက်တိုဘာ ၁၁**

မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်း၌ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည့် စစ်ရေးပြအခမ်းအနားတွင် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

စစ်ရေးပြ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က ပြုံယမ်းမြို့လယ်ကောင်ရှိ ကင်အီဆွန်း ရင်ပြင်၌ နံနက်စောစောအချိန်တွင် ကျင်းပခဲ့သည်။ နှစ်နှစ်အတွင်း ပြုလုပ်ခဲ့သည့် ပထမတစ်ကြိမ် စစ်ရေးပြပွဲ အခမ်းအနားကို အာဏာရအလုပ်သမားပါတီကို ထူထောင်သည့် (၇၅) ကြိမ်မြောက် နှစ်ပတ်လည်နေ့တွင် ကျင်းပခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံက စစ်ရေးပြပွဲတွင် ထုတ်ဖော်ပြသခဲ့သည့် ဒုံးကျည် အမျိုးအစားသစ်ကို တွေ့ရစဉ်။

စစ်ရေးပြပွဲတွင် Pukguksong – 4 ဟုအမည်ပေးထားသည့် ရေငုပ်သင်္ဘောဖြင့် ပစ်ခတ်သည့် တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်ကို ပြသခဲ့ကြောင်း သိရသည်။

၁၁ ဘီးပါရှိသော ဒုံးကျည်တင်ယာဉ်ပေါ်တွင် တင်ဆောင်ထားသည့် ဒုံးကျည်အမျိုးအစားသစ်၏ ကိုယ်ထည်တစ်ဖက်ခြမ်းသည် ဟွာဆောင်း – ၁၅ တိုက်ချင်းပစ်ဒုံးကျည်ထက် ကြီးမားဟန်ရှိပြီး အဆိုပါဒုံးကျည်ဖြင့် အမေရိကန်ကုန်းမြေပေါ်ရှိ မည်သည့်နေရာကိုမဆို ပစ်ခတ်နိုင်ကြောင်း ပြုံယမ်းက ပြောကြားသည်။

အမေရိကန်နှင့် အခြားနိုင်ငံများသည် မြောက်ကိုရီးယားနိုင်ငံက ထုတ်ဖော်ပြသလိုက်သည့် လက်နက်အမျိုးစားသစ်ကို အသေးစိတ်လေ့လာနိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက မိမိနိုင်ငံအပေါ် ရန်ပြုလိုသည့် အင်အားစုများ၏ အန္တရာယ်ရှိသည့် ကြိုးပမ်းမှုမှန်သမျှကို ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံ့ကာကွယ်ရေးစနစ်ကိုပိုမို အားကောင်းအောင် ဆက်လက် ကြိုးပမ်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့ရာတွင် ခေါင်းဆောင်ကင်သည် အမေရိကန်ပြည်ထောင်စုကို တိုက်ရိုက်ဝေဖန်ပြောဆိုမှု မပြုလုပ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကိုလံဘီယာ၌ ကိုဗစ် – ၁၉ နေ့စဉ် ကူးစက်ဖြစ်ပွားမှု တိုးလျက်ရှိ

**ဘိုဂိုတာ အောက်တိုဘာ ၁၁**

ကိုလံဘီယာနိုင်ငံတွင် အောက်တိုဘာ ၁၀ ရက်က ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၈၄၄၇ ဦးကို စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက်စုစုပေါင်း ၉၀၂၇၄၇ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

**သေဆုံးသူထပ်တိုး**

နိုင်ငံအတွင်း ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၁၆၅ ဦးထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး သေဆုံးသူအရေအတွက်စုစုပေါင်း ၂၇၆၆၀ အထိ တိုးလာကြောင်း သိရသည်။ ရောဂါကူးစက်ခံရပြီးနောက် ပြန်လည်ပျောက်ကင်းသွားသူ အရေအတွက် စုစုပေါင်း ၇၈၃၁၃၁ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

**အချိန်ထပ်တိုး**

ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုကို တားဆီး ကာကွယ်ရန်အတွက် ကိုလံဘီယာအစိုးရက အသွားအလာကန့်သတ်ပိတ်ဆို့မှု ချမှတ်ထားသည့်ကာလကို အောက်တိုဘာလကုန်အထိ အချိန်ထပ်တိုးလိုက်ကြောင်း သိရသည်။ **ဆင်ဟွာ**

# လစ်ဗျားနိုင်ငံရှိ လက်နက်ကိုင်တပ်ဖွဲ့များကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ကြောင်း ကုလကြေညာ

**ထရီပိုလီ အောက်တိုဘာ ၁၁**

လစ်ဗျားနိုင်ငံအတွင်း နိုင်ငံရေးအဖွဲ့အစည်းများနှင့် တပ်ဖွဲ့ဝင်တို့ကြား ဆွေးနွေးပွဲပြန်လည်စတင်ကြောင်း အောက်တိုဘာ ၁၀ ရက်၌ လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂအထောက်အကူပြုရေးအဖွဲ့က ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံ၏ နိုင်ငံရေးဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ အုပ်ချုပ်မှု မူဝါဒနှင့် အစီအစဉ်များကို တညီတညွတ်တည်း သဘောတူညီမှု ရရှိရန်ပင် ဖြစ်သည်ဟု ကုလသမဂ္ဂ၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ယင်းသဘောတူညီချက်မှ လစ်ဗျားနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဒီမိုကရေစီကို ထိန်းသိမ်းနိုင်မည့် ရွေးကောက်ပွဲ စောစီးစွာ ကျင်းပနိုင်ရေးကို ဦးတည်သွားနိုင်မည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ဆွေးနွေးပွဲတွင် ပါဝင်ကြမည့်သူများသည် လစ်ဗျားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အဓိကကျသည့်အချက်များကို ရေးဆွဲသွားမည်ဖြစ်သည်။

လစ်ဗျားနိုင်ငံ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြွယ်ဝမှု၊ လူ့အခွင့်အရေးနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့အတွက် ယခုအခွင့်အရေးကို လက်လွတ်မခံကြရန် လစ်ဗျားနိုင်ငံသားတို့ကို ကုလသမဂ္ဂက တောင်းဆိုထားသည်။

လက်ရှိ ကြုံတွေ့နေရသည့် ကိုဗစ် –၁၉ အခြေအနေပေါ်မူတည်ပြီး အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးပွဲများနှင့် လူချင်းတွေ့ဆုံမှုများကို ပြုလုပ်သွားမည်ဟု လစ်ဗျားနိုင်ငံရေး ဆွေးနွေးပွဲက ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံသည် အာဏာရှင်ကဒါဖီ အစိုးရကိုဖြုတ်ချခဲ့ပြီးနောက် ဒီမိုကရက်တစ် အသွင်ကူးပြောင်းရေးအတွက် ရုန်းကန်နေရသည်။

**ဆင်ဟွာ**

# အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာမှုနဲ့အတူ တာလီဘန်တို့၏လွှမ်းမိုးမှု ပြန်လည်ဦးမော့လာ

**ခြူးစန္ဒီနွေး**

**အာဖဂန်နစ္စတန်အရှေ့တောင်ပိုင်း ပြည်နယ်လေးကနေ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာသွားပြီးတဲ့နောက် လအတန်ကြာတဲ့အခါ စစ်အခြေစိုက်စခန်းမှာ ချန်ရစ်ထားခဲ့တဲ့အရာအချို့ ကျန်ရှိနေပါတယ်။ ရိက္ခာခြောက်တွေ၊ ချောကလက်တွေနဲ့ ခရစ္စမတ်အတွက် ပြင်ဆင်ထားတဲ့ အပြင်အဆင်တွေ။ ဒါတွေဒီအတိုင်း ကျန်ရစ်နေခဲ့ပါတယ်။**

## ထွက်ခွာခဲ့ကြ

အမေရိကန်နဲ့တာလီဘန် ခေါင်းဆောင်တွေအကြား ငြိမ်းချမ်းရေးစာချုပ်အတွက် လက်မှတ်ရေးထိုးပြီးတဲ့နောက်တစ်လအကြာ မတ်လအတွင်းမှာတော့ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ စစ်အခြေစိုက်စခန်းကနေ ထွက်ခွာခဲ့ကြပါတယ်။ တာလီဘန်နဲ့ အမေရိကန်တို့ရဲ့ ငြိမ်းချမ်းရေးစာချုပ်မှာတော့ အမေရိကန်တပ်ဖွဲ့ဝင်တွေ အာဖဂန်မြေပေါ်က အပြည့်အဝ ဖယ်ရှားပေးဖို့သဘော တူညီချက် ပါဝင်ပါတယ်။ အာဖဂန်တပ်ဖွဲ့ဝင်တွေကို လေ့ကျင့်ပေးခဲ့တဲ့အမေရိကန်စစ်အခြေစိုက်စခန်းမှာတော့ အမေရိကန်တပ်ဖွဲ့ဝင်ရာနဲ့ချီ တာဝန်ထမ်းဆောင်ခဲ့ပြီး အဲဒီစခန်းမှာတော့ အခုအချိန်မှာအမှိုက်သရိုက်နဲ့ ပစ္စည်းအစုတ်တွေသာ ကျန်ရစ်ပါတော့တယ်။

## တာလီဘန်တွေ လွှမ်းမိုးလာ

အဲဒီအခြေစိုက်စခန်းရဲ့အပြင်ဘက်ကိုကြည့်မယ်ဆိုရင် အမေရိကန်တပ်ဖွဲ့ဝင်တွေ အာဖဂန်မြေကနေ ဆုတ်ခွာသွားတဲ့နောက် သက်ရောက်မှုအကြီးကြီးဖြစ်လာတာကိုမြင်တွေ့ရမှာပါ။ ပစ်မှတ်ထားပြီး သတ်ဖြတ်မှုတွေ တိုးလာတယ်။ ကျောင်းတက်သူဦးရေလည်း လျော့ကျလာတယ်။ နောက်ပြီး တာလီဘန်တွေဟာသူတို့လွှမ်းမိုးနိုင်တဲ့ ဧရိယာကိုချဲ့ထွင်လာတယ်လို့ ဒေသခံတွေနဲ့ အာဏာပိုင်တွေက ပြောပါတယ်။ ကဘူးလ်မြို့ကနေ ကားနဲ့သွားမယ်ဆိုရင် နာရီအနည်းငယ်သာသွားရတဲ့ ပက်ခ်တီယာ ပြည်နယ်မှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာသွားပြီးတဲ့နောက် ဘာတွေဆက်ဖြစ်နေပါသလဲ။

## ပြောင်းလဲမှုခံစားမိလာ

လာမယ့်သီတင်းပတ်တွေအတွင်းမှာ အမေရိကန်တပ်ဖွဲ့ဝင်ထောင်နဲ့ချီပြီးအာဖဂန်မြေပေါ်ကနေ ဆုတ်ခွာဖို့အမေရိကန်သမ္မတထရမ့် အစိုးရအဖွဲ့ စဉ်းစားနေပါတယ်။ ခရစ္စမတ်မှာ အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို ပြန်လည်ခေါ်ယူတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဂါဒက်မှာရှိတဲ့ အမေရိကန်စခန်းကတော့ အာဖဂန်မှာရှိတဲ့ အခြေစိုက်စခန်းထဲက အကြီးဆုံးတစ်ခုဆိုရင်လည်း မမှားပါဘူး။ အခုချိန်အထိလည်း စစ်ဆင်ရေးတွေ လုပ်ဆောင်နေဆဲဖြစ်ပါတယ်။ အဲဒီစခန်းမှာ တာဝန်ကျနေတဲ့ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်တွေကလည်း ပြောင်းလဲမှုတစ်ခုခုရှိတယ်ဆိုတာကို ခံစားမိလာတယ်လို့ ပြောကြပါတယ်။ ရဟတ်ယာဉ်တွေနဲ့ ကွန်တိန်နာနဲ့အပြည့် ပစ္စည်းကိရိယာတွေကို သယ်ဆောင်နေတာ တွေ့နေရတယ်လို့ အာဖဂန်တပ်ဖွဲ့မှဗိုလ်မှူး ဂျန်အာဂါဆာဖီက ပြောပါတယ်။ ကျွန်တော်တို့အတွက် အမှိုက်သရိုက်ပဲ ချန်ထားခဲ့လိမ့်မယ်လို့ သူကဆက်ပြောပါတယ်။

## ရုပ်သိမ်းပေးဖို့တောင်းဆို

အာဖဂန်နစ္စတန်မှာရှိတဲ့ အမေရိကန်တပ်ဖွဲ့ ကွပ်ကဲရေးဌာနကတော့ အမေရိကန် -တာလီဘန် သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်ဖို့နီးကပ်လာပြီလို့ ကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒိုဟာမြို့မှာ ဖေဖော်ဝါရီလအတွင်းက အမေရိကန်နဲ့ တာလီဘန်တို့အကြား သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး တစ်စုံတစ်ခုသော အတိုင်းအတာအထိ ရောက်လာပြီဆိုရင် အမေရိကန်ရဲ့ ထိုးစစ်ဆင်မှုတွေကိုရပ်ပေးဖို့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို အပြည့်အဝ ပြန်လည်ရုပ်သိမ်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အဲဒီသဘောတူညီချက်ကိုထိန်းသိမ်းဖို့အတွက် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို ၁၂၀၀၀ ကနေ ဇူလိုင်လအတွင်းမှာ ၈၆၀၀ အထိ လျှော့ချလိုက်ပါတယ်။ အဲဒီလိုလျှော့ချလိုက်တဲ့အတွက် ပက်ခ်တီယာ ပြည်နယ်မှာရှိတဲ့ အမေရိကန်စစ်အခြေစိုက်စခန်းကိုလည်း ပိတ်ပစ်ဖို့ ဖြစ်လာခဲ့ပါတယ်။



အမေရိကန်တို့ စွန့်ခွာသွားသည့် စစ်အခြေစိုက်စခန်းဟောင်းတစ်ခု အဆောက်အအုံအတွင်းပိုင်း တစ်နေရာ တွေ့ရစဉ်။

> **"အနာဂတ်မှာအကြမ်းဖက် တန်ပြန်တိုက်စစ်ဆင်နွှဲရေးအတွက် ဘယ်လိုဆက်ပြီးလုပ်ဆောင်မလဲဆိုတာကတော့ အမေရိကန်အရာရှိတွေ အဓိကစိုးရိမ်နေရတဲ့အရာ တစ်ခုပါပဲ။ အမေရိကန်တပ်ဖွဲ့ဝင်တွေ အာဖဂန်မြေပေါ်ကနေ အပြည့်အဝဆုတ်ခွာလိုက်ခြင်းဖြင့် အာဏာလေဟာနယ် ဖြစ်လာမှာကို ယခုလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်အရာရှိတွေရော၊အငြိမ်းစားယူသွားတဲ့ အရာရှိတွေပါ စိုးရိမ်နေကြပါတယ်။ တခြားသော အကြမ်းဖက်အဖွဲ့အစည်းတွေက အာဖဂန် နစ္စတန်မြေကို ထပ်မံအသုံးချသွားမှာကို စိုးရိမ်နေရ"**

## လစ်ဟာမှုဖြစ်လာမှာကိုစိုးရိမ်

အနာဂတ်မှာ အကြမ်းဖက်တန်ပြန်တိုက်စစ်ဆင်နွှဲရေးအတွက် ဘယ်လိုဆက်ပြီးလုပ်ဆောင်မလဲဆိုတာကတော့ အမေရိကန်အရာရှိတွေ အဓိကစိုးရိမ်နေရတဲ့အရာ တစ်ခုပါပဲ။ အမေရိကန်တပ်ဖွဲ့ဝင်တွေ အာဖဂန်မြေပေါ်ကနေ အပြည့်အဝဆုတ်ခွာလိုက်ခြင်းဖြင့် အာဏာလေဟာနယ် ဖြစ်လာမှာကို ယခုလက်ရှိတာဝန်ထမ်းဆောင်နေတဲ့ အမေရိကန်အရာရှိတွေရော၊အငြိမ်းစားယူသွားတဲ့ အရာရှိတွေပါ စိုးရိမ်နေကြပါတယ်။ တခြားသော အကြမ်းဖက်အဖွဲ့အစည်းတွေက အာဖဂန်နစ္စတန်မြေကို ထပ်မံအသုံးချသွားမှာကို စိုးရိမ်နေရပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကတော့ အာဖဂန်မြေပေါ်မှာ ကျန်ရှိနေတဲ့ တပ်ဖွဲ့ဝင်အနည်းငယ်ဟာ ခရစ္စမတ်ရောက်ရင် အိမ်ပြန်ရမယ်လို့ တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။

## စိတ်ဓာတ်တွေကျဆင်းလာ

ပက်ခ်တီယာပြည်နယ်မှာတော့ အမေရိကန်တပ်ဖွဲ့ဝင်တွေ မရှိတော့တဲ့အခါ ဒေသတွင်းလုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့သတင်းအချက်အလက်မျှဝေတဲ့နေရာမှာ နှေးကွေးလာသလို ထောက်လှမ်းရေးအတွက် လေကြောင်းကနေ အထောက်အကူပြုပေးဖို့လည်း ပြတ်တောက်လာပါတယ်။ စိတ်ဓာတ်တွေလည်း ကျဆင်းလာတယ်လို့ ပြည်နယ်အုပ်ချုပ်ရေးမှူး ဟာလင်းဖီဒိုင်းက ပြောပါတယ်။ ပက်ခ်တီယာ ပြည်နယ်ဟာ ဒေသတွင်းလက်နက်ကိုင်အချို့အခြေစိုက်ရာဖြစ်ပြီး အဲဒီလက်နက်ကိုင်အုပ်စုတွေဟာ တာလီဘန်တွေ၊အခြားသောစစ်သွေးကြွအုပ်စုတွေနဲ့ ပေါင်းစည်းတာမျိုးတော့မရှိပါဘူး။ ပက်ခ်တီယာမှာနေတဲ့ ဒေသခံတွေအတွက်ကတော့ ပစ်မှတ်ထားပြီး တိုက်ခိုက်မှု၊ သတ်ဖြတ်ခံရမှုတွေဟာ အမေရိကန်တပ်ဖွဲ့ဝင်တွေဆုတ်ခွာသွားပြီးကတည်းက ကြုံတွေ့နေရတာပါ။ ဒါဟာ ပက်ခ်တီယာ ပြည်နယ်တစ်ခုတည်းမှာပဲကြုံတွေ့နေရတဲ့ အဖြစ်အပျက်မဟုတ်ပါဘူး။ အမေရိကန်နဲ့ တာလီဘန်တို့ ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးပြီးကတည်းက အလားတူသတ်ဖြတ်မှုတွေဟာ အာဖဂန်နိုင်ငံတစ်ဝန်းလုံးမှာ ပေါ်ပေါက်နေတာပါ။

## တဖြည်းဖြည်းခက်ခဲလာ

တာလီဘန်အုပ်ချုပ်မှုအောက်မှာရှိတဲ့ ခရိုင်တွေမှာတော့ စစ်ဆေးရေးဂိတ်တွေဟာ နေရာအနှံ့အပြားမှာပါပဲ။ ပက်ခ်တီယာ ပြည်နယ်ကနေ အမေရိကန်တပ်ဖွဲ့ဝင်တွေ ဆုတ်ခွာသွားတဲ့အခါမှာ အစိုးရရဲ့အမြဲတမ်းတပ်ဖွဲ့ဝင်တွေဟာ လုပ်ဆောင်မှုလျော့ကျလာပြီး ရဲတွေနဲ့ လက်နက်ကိုင်တပ်ဖွဲ့ကိုလည်း ပြည်နယ်မြို့တော်နဲ့အနီးတစ်ဝိုက်ကိုရွှေ့ပြောင်းလိုက်ပါတယ်။ ကျန်ဒေသတွေမှာတော့ လေ့ကျင့်မှုနည်းပါးတဲ့ တပ်ဖွဲ့ဝင်တွေကိုသာ အစောင့်အဖြစ် ချန်ထားရစ်ခဲ့ပါတယ်။ ကလေးတွေပညာရေးအတွက် အစိုးရကျောင်းတွေကိုဖွင့်လှစ်ပေးထားပေမယ့် ကိုဗစ် -၁၉ ကြောင့် ပိတ်ထားရပါတယ်။ မကြာသေးမီအချိန်ကမှ ကျောင်းတွေပြန်ဖွင့်ခွင့်ပေးလိုက်ပေမယ့် ကျောင်းသားမိဘအနည်းစုက ကိုဗစ် - ၁၉ ကူးစက်ခံရမှာကို ကြောက်ပေမယ့် အများစုကတော့ သူတို့ရဲ့ သားသမီးတွေ အကြမ်းဖက်မှုတွေကနေလုံခြုံစိတ်ချရစေတယ်လို့ ယုံကြည်နေကြပါတယ်။ တာလီဘန်တွေ ထိန်းချုပ်ထားတဲ့ နေရာမှာနေရတဲ့ ကျောင်းဆရာတစ်ယောက်ကတော့ ဒီဒေသတွေကိုဖြတ်သန်းသွားရတာ သူ့အတွက် တဖြည်းဖြည်းခက်ခဲလာတယ်လို့ ပြောပါတယ်။

## ကျောင်းဆရာတွေကို ပစ်မှတ်ထား

သေနတ်သမားတွေဟာ ကျောင်းဆရာတွေကို ပစ်မှတ်ထားပြီး တိုက်ခိုက်တာတွေ ကျူးလွန်ကြပါတယ်။ အစိုးရကျောင်းဆရာအလုပ်ကို မစွန့်လွှတ်ရင်သတ်ပစ်မယ်လို့ မကြာခဏလည်း ခြိမ်းခြောက်ခံနေရပါတယ်။ သဘောထားတင်းမာလှတဲ့ တာလီဘန်တိုက်ခိုက်ရေးသမားတွေရဲ့ ဖိအားပေးမှုကြောင့် ပိတ်ပစ်လိုက်ရတဲ့ ကျောင်းတွေလည်း အများကြီးရှိလာပါတယ်။ အမေရိကန်တပ်ဖွဲ့ဝင်တွေရဲ့ ဆုတ်ခွာသွားမှုနဲ့အတူ တာလီဘန်တွေရဲ့ လွှမ်းမိုးမှုတွေ ပိုတိုးလာတာကိုတော့ အာဖဂန်ပြည်နယ်အချို့မှာ မြင်တွေ့လာရပါတယ်။ ။

**ကိုးကား - ဝါရှင်တန်ပို့စ်**

---

**နိုင်ငံတကာသတင်းတိုထွာ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စာပို့ရထားက ခရီးသည်တင်ဘတ်စ်ကားကို အရှိန်ဖြင့် ဝင်တိုက်ရာ လူ သုံးဦးထက် မနည်းသေဆုံး

**ဒါကာ အောက်တိုဘာ ၁၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အောက်တိုဘာ ၁၁ ရက်က စာပို့ရထားတစ်စင်းသည် ခရီးသည်တင်ဘတ်စ်ကားတစ်စီးကို အရှိန်နှင့်ဝင်တိုက်မိရာ သုံးဦးထက်မနည်းသေဆုံးခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏ အရှေ့တောင်ဘက် ၄၉ ကီလိုမီတာကွာဝေးသော ဖီနီဒေသတွင် ဖြစ်ပွားခဲ့သော အဆိုပါ မတော်တဆမှုတွင် လူ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖီနီဒေသမီးသတ်ဌာနအရာရှိဖြစ်သူ ရာရှက်ဘင်ခါလစ်က ပြောကြားခဲ့သည်။

မြို့တော်ဒါကာနှင့် ၂၄၂ ကီလိုမီတာဝေးသော အရှေ့တောင်ပိုင်း ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ချက်တိုဂရမ်သို့ ဦးတည်ခုတ်မောင်းနေသော စာပို့ရထားသည် အစောင့်မရှိသောလမ်းဖြတ်ကို ဖြတ်မောင်းလာသော ခရီးသည်တင်ဘတ်စ်ကားကို အရှိန်နှင့်ဝင်တိုက်ခဲ့သည်။

မတော်တဆမှုတွင် သေဆုံးသူအားလုံးမှာ ခရီးသည်ဘတ်စ်ကားပေါ်မှ ဖြစ်သည်။

ဆင်ဟွာ

## ဗီယက်နမ်အလယ်ပိုင်းတွင် ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များကြောင့် ကိုးဦးသေဆုံး

**ဟန္နွိုင်း အောက်တိုဘာ ၁၁**

ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းကုန်းမြင့်ဒေသနှင့် အလယ်ပိုင်းတို့တွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ဖြစ်ပွားခဲ့သော မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် ရေကြီးခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ကိုးဦးသေဆုံးခဲ့ပြီး ၁၁ ဦးပျောက်ဆုံးလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဗဟိုကော်မတီက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

တစ်ချိန်တည်းမှာပင် အိမ်ပေါင်း ၃၃၄၀၀ နီးပါးပျက်စီးခဲ့ပြီး လယ်မြေ ၂၂၄ ဟက်တာနှင့် ယာမြေ၂၄၀၀ဟက်တာ ရေလွှမ်းမိုးနစ်မြုပ်ခဲ့ကြောင်း အဆိုပါကော်မတီက ဆက်လက်ပြောကြားသည်။ သဘာဝဘေးအန္တရာယ်များကြောင့် ကျွဲနွားနှင့်မွေးမြူရေးသတ္တဝါ ၅၈၃၀၀ သေဆုံးခဲ့ကြောင်း သိရသည်။

ဟာတင်၊ ကွမ်နမ်၊ ကွမ်ဘင်၊ ကွမ်ထရီ၊ သူသိန်ဟွေး စသည့်ပြည်နယ်ငါးခုရှိ ရပ်ကွက်နှင့် နယ်မြေ ၂၀၆ ခုနှင့် ဒါနန်မြို့လည်း ရေနစ်မြုပ်ခဲ့သည်။

အင်္ဂါနေ့နှင့် သောကြာနေ့ကြားမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံအလယ်ပိုင်းပြည်နယ်များတွင် ရေကြီးနစ်မြုပ်ခဲ့ကြောင်း သိရသည်။ ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၂၂ ရက်ကြားတွင် ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၉၃ ဦး သေဆုံးခဲ့ပြီး ၂၇၂ ဦး ဒဏ်ရာရရှိကြောင်း ကော်မတီက ဖော်ပြခဲ့သည်။

ဆင်ဟွာ

# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၂၇ ရက် သာ**

**လိုတော့သည်။**

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်များ၏ တောင်းဆိုမှု၊ ပြင်ဆင်မှု၊ ဖြည့်စွက်မှုများအရ ထပ်မံစိစစ်ပြုစုထားသည့် မဲဆန္ဒရှင်စာရင်းများကို **၁-၁၀-၂၀၂၀ ရက်နေ့မှ ၁၄-၁၀-၂၀၂၀ ရက်နေ့အထိ** သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအတွင်းရှိ ကျေးရွာများတွင် **နောက်ဆုံးအကြိမ် (နောက်ဆုံးအကြိမ်)** အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထား ကြေညာလျက်ရှိပါသည်။

၂။ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်နိုင်စေရေးအတွက် ပြည်သူများအား နေအိမ်တွင်သာ နေထိုင်စေရေးနှင့် အကြောင်းတစ်စုံတစ်ရာမရှိဘဲ နေအိမ်မှ ထွက်ခွာသွားလာမှုများအား တားမြစ်ထားသည့် ကာလလည်းဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိသော မဲဆန္ဒရှင်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၄-၉-၂၀၂၀ ရက်နေ့အထိ ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် Web Application ဖြစ်သော findyourpollingstation.uec.gov.mm တွင် မဲစာရင်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ကြောင်းနှင့် Mobile application ဖြစ်သည့် findyourpollingstation.apk ကို Google Play Store တွင် Download ရယူပြီး မိမိတို့၏ အမည် မဲစာရင်းတွင် ပါ/မပါ စစ်ဆေးနိုင်ရန်ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၄။ သို့ရာတွင် မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းများ စစ်ဆေးရှာဖွေရာတွင် ဝင်ရောက်ကြည့်ရှုရှာဖွေသူများပြားသဖြင့် ကြန့်ကြာမှုများကြုံတွေ့နေကြရကြောင်း သိရှိရသည့်အတွက် ယခုအခါ ပိုမိုလွယ်ကူအဆင်ပြေစေရန် ရည်ရွယ်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအလိုက် ပြုစုထားသော မဲဆန္ဒရှင်စာရင်းများကို ထည့်သွင်းထားသည့် အောက်ဖော်ပြပါ Web Application များတွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး ဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ကချင်ပြည်နယ် | http://bit.ly/kachin-voters |
| ( ခ ) | ကယားပြည်နယ် | http://bit.ly/kayah-voters |
| ( ဂ ) | ကရင်ပြည်နယ် | http://bit.ly/kayin-voters |
| (ဃ) | ချင်းပြည်နယ် | http://bit.ly/chin-voters |
| ( င ) | စစ်ကိုင်းတိုင်းဒေသကြီး | http://bit.ly/sagaing-voters |
| ( စ ) | တနင်္သာရီတိုင်းဒေသကြီး | http://bit.ly/tanintharyi-voters |
| (ဆ) | ပဲခူးတိုင်းဒေသကြီး | http://bit.ly/bago-voters |
| ( ဇ ) | မကွေးတိုင်းဒေသကြီး | http://bit.ly/magway-voters |
| ( ဈ ) | မန္တလေးတိုင်းဒေသကြီး | http://bit.ly/mandalay-voters |
| (ည) | မွန်ပြည်နယ် | http://bit.ly/mon-voters |
| ( ဋ ) | ရခိုင်ပြည်နယ် | http://bit.ly/rakhine-voters |
| ( ဌ ) | ရန်ကုန်တိုင်းဒေသကြီး | http://bit.ly/yangon-voters |
| ( ဍ ) | ရှမ်းပြည်နယ် | http://bit.ly/shan-voters |
| ( ဎ ) | ဧရာဝတီတိုင်းဒေသကြီး | http://bit.ly/ayarwaddy-voters |
| (ဏ) | ပြည်ထောင်စုနယ်မြေ | http://bit.ly/naypyitaw-voters |

၅။ Web Application အသုံးပြု၍ မဲစာရင်းရှာဖွေခြင်း ရှင်းလင်းချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Web application နှင့် UEC Facebook စာမျက်နှာတို့တွင် ဖော်ပြပေးထားမည်ဖြစ်ပါကြောင်း အသိပေး တင်ပြအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန်မြောက်ပိုင်းခရိုင်တွင် မသန်စွမ်းမဲဆန္ဒရှင် ၃၀၇၄ ဦး မဲပေးနိုင်ရန် စီမံဆောင်ရွက်ထား

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင်တွင် အင်းစိန်၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ရွှေပြည်သာ၊ ထန်းတပင်၊ လှိုင်သာယာ(ရှေ့)၊ လှိုင်သာယာ(နောက်)မြို့နယ်ပေါင်း ကိုးမြို့နယ်မှ မသန်စွမ်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၀၇၄ ဦးအား မဲပေးနိုင်ရန် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တွင် လူဦးရေ ၂၇၁၀၅၉၆ ဦးရှိပြီး ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၂၂၈၀၉၆ ဦးအနက် ကိုယ်လက်အင်္ဂါ မသန်စွမ်းသူ ၂၄၃၀ ၊ အမြင်အာရုံမသန်စွမ်းသူ ၂၁၂ ဦး၊ အကြားအာရုံ မသန်စွမ်းသူ ၂၂၆ ဦး၊ အပြောအာရုံမသန်စွမ်းသူ ၂၀၆ ဦးရှိ၍ မသန်စွမ်းဆန္ဒမဲပေးမည့်သူ စုစုပေါင်း ၃၀၇၄ ဦးတို့အတွက် ဆန္ဒမဲပေးရာတွင် အခက်အခဲမရှိစေရန် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

မြောက်ပိုင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်က "ကျွန်တော်တို့ ခရိုင်အနေနဲ့ အရင် ၂၀၁၅ ရွေးကောက်ပွဲတုန်းက မဲရုံပေါင်း ၁၆၉၇ ရုံရှိတယ်။ အခုက ကိုဗစ်-၁၉ ရောဂါထိန်းချုပ် ကာလလည်းဖြစ်တော့ လူစုလူဝေးမဖြစ်အောင် မဲရုံ ၃၄ ရုံ တိုးချဲ့ပြီး မဲရုံပေါင်း ၁၇၃၁ ရုံ ဖွင့်လှစ်ထားပါတယ်။ ပြည်ပရောက်ကြိုတင်မဲ ၅၁၇၃ ဦး၊ တပ်မတော်သားမဲဆန္ဒရှင် ၅၃၇၂၉ ဦး၊ ရခိုင်တိုင်းရင်းသားမဲဆန္ဒရှင် ၄၁၅၉၆ ဦး၊ ကရင်တိုင်းရင်းသားမဲဆန္ဒ ရှင် ၅၇၃၂၃ ဦး ရှိပါတယ်။ သက်ဆိုင်တဲ့ မြို့နယ်/ရပ်ကွက်အလိုက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ရုံးတွေမှာ ထုတ်ပြန်ကြေညာထားတဲ့ အမည်စာရင်းတွေကို သတ်မှတ်ရက်အတွင်း သွားရောက်ကြည့်ရှုကြပါလို့ အကြံပြုချင်ပါတယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# နိုင်ငံခြားမှာရောက်နေပြီး မဲပေးပိုင်ခွင့်ရဖို့အတွက် ပုံစံ-၁၅ နဲ့ တင်ပြထားတဲ့ နိုင်ငံသူနိုင်ငံသား ၁၀၉၄၇၀ ရှိ



အခုအချိန်က အထွေထွေရွေးကောက်ပွဲအချိန်ရောက်နေပြီ။ အထွေထွေရွေးကောက်ပွဲဟာ စပြီပေါ့။ နိုင်ငံခြားမှာဆိုရင် ကျွန်မတို့ရဲ့ ပြည်ပရောက် နိုင်ငံသူနိုင်ငံသားများ စပြီးတော့ မဲပေးနေပါပြီ။ နိုင်ငံခြားရေးရုံးကရတဲ့ ကိန်းဂဏန်းတွေအရဆိုရင် နိုင်ငံခြားမှာရောက်နေပြီး မဲပေးပိုင်ခွင့်ရဖို့အတွက် ပုံစံ-၁၅ နဲ့ တင်ပြထားတဲ့ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားတွေဆိုရင် ၁၀၉၄၇၀ ရှိပါတယ်။ အဲဒီအထဲကဆိုရင် ဒီနေ့အထိ မဲပေးလို့ပြီးတာ ၂၇၈၁၇ ယောက် ရှိပါတယ်။ ဆက်ပြီးတော့ မဲပေးဦးမှာပါ။ အထူးသဖြင့် အခု စနေ၊ တနင်္ဂနွေမှာဆိုရင် တချို့နိုင်ငံတွေက သံရုံးတွေမှာ ရုံးပိတ်ရက်တွေဖြစ်လို့ မဲပေးတာတွေ စမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာတွေက ချောချောမွေ့မွေ့နဲ့ ဖြစ်နေပါတယ်။ တစ်ခါတလေတော့ အထစ်အငေါ့လေးတွေ ရှိတာပေါ့။ ဒါပေမယ့် ဒါတွေကိုလည်း ကျွန်မတို့ တတ်နိုင်သမျှ ဖြေရှင်းပေးပါတယ်။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်က ရောဝတီဖောင်ဒေးရှင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ကူညီမှုအတွက် ငွေကျပ်သိန်း ၆၀ ကျော်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်က ရောဝတီဖောင်ဒေးရှင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ကူညီမှုအတွက် လှူဒါန်းငွေကျပ် ၆၂၅၀၀၀၀ ကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ရောဝတီစင်တာသို့ သွားရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းငွေများကို မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် မိသားစုကိုယ်စား နည်းစနစ်ကော်မတီမှ ဦးကျော်သန်းဦး(နည်းပြချုပ်)နှင့် ကလပ်အသင်းနည်းပြများက သွားရောက်လှူဒါန်းခဲ့ရာ ရောဝတီဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးဇော်ဇော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။(အောက်ပုံ) **အာကာစိုး**



## ၁၁-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၄၇၅၄၉ | ၅၀၉၀၂၂၆ | ၂၁၉၂၉၆ |
| ၂။ | အိန္ဒိယ | ၇၀၅၃၈၀၆ | ၆၀၇၇၉၇၆ | ၁၀၈၃၇၁ |
| ၃။ | ဘရာဇီး | ၅၀၉၁၈၄၀ | ၄၄၅၃၇၂၂ | ၁၅၀၂၃၆ |
| ၄။ | ရုရှား | ၁၂၉၈၇၁၈ | ၁၀၂၀၄၄၂ | ၂၂၅၉၇ |
| ၅။ | ကိုလံဘီယာ | ၉၀၂၇၄၇ | ၇၈၃၁၃၁ | ၂၇၆၆၀ |
| ၆။ | စပိန် | ၈၉၀၃၆၇ | စိစစ်ဆဲ | ၃၂၉၂၉ |
| ၇။ | အာဂျင်တီးနား | ၈၈၃၈၈၂ | ၇၀၉၄၆၄ | ၂၃၅၈၁ |
| ၈။ | ပီရူး | ၈၄၆၀၈၈ | ၇၃၈၁၈၉ | ၃၃၂၂၃ |
| ၉။ | မက္ကဆီကို | ၈၁၄၃၂၈ | ၅၉၁၁၅၀ | ၈၃၆၄၂ |
| ၁၀။ | ပြင်သစ် | ၇၁၈၈၇၃ | ၁၀၀၈၂၈ | ၃၂၆၃၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁- ၁၀ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၃၃၉၃၄၁ | ၂၉၃၀၇၅ | ၆၃၂၁ |
| အင်ဒိုနီးရှား | ၃၃၃၄၄၉ | ၂၅၅၀၂၇ | ၁၁၈၄၄ |
| စင်ကာပူ | ၅၇၈၇၆ | ၅၇၆၉၈ | ၂၇ |
| မြန်မာ | ၂၇၉၇၄ | ၉၇၄၂ | ၆၄၆ |
| မလေးရှား | ၁၅၆၅၇ | ၁၀၉၁၃ | ၁၅၇ |
| ထိုင်း | ၃၆၃၆ | ၃၄၅၁ | ၅၉ |
| ဗီယက်နမ် | ၁၁၀၉ | ၁၀၂၄ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၃ | ၂၇၈ | ၀ |
| ဘရူနိုင်း | ၁၄၆ | ၁၄၃ | ၃ |
| လာအို | ၂၃ | ၂၂ | ၀ |

## ကုန်စိမ်းကားများ အဝင်နည်းသည့်အတွက် မကွေးမြို့၌ ကုန်စိမ်းများ ယခင်ကထက် ဈေးနှုန်းမြင့်တက်လာ

**မကွေး အောက်တိုဘာ ၁၁**

ကိုဗစ် -၁၉ ဒုတိယအကျော့တွင် ကုန်စိမ်းတင်ဆောင်သည့်ကားများ မကွေးမြို့သို့ အဝင်နည်းသည့်အတွက် ဈေးနှုန်းများတက်လာကြောင်း ကုန်စိမ်းရောင်းချသူများထံမှ သိရသည်။

“အရင်တုန်းကတော့ ရှမ်းပြည်နယ်နဲ့ မန္တလေးဘက်က ခရီးသည်တင်ကားတွေနဲ့ ကုန်စိမ်းတွေ တင်လာကြတာမျိုးရှိတယ်။ ကုန်ကားတွေနဲ့ လာရောင်းကြတာတွေ ရှိတယ်။ အခုက ခရီးသည်တင်လိုင်းတွေ မထွက်ကြတော့ဘူး။ ကုန်ကားတွေကိုပဲ အားပြုနေရတာ။ ကုန်ကားကလည်း ဝင်တဲ့အစီးရေ နည်းလာတယ်။ လာတဲ့ကားကနေ ကုန်စိမ်းကို အလုအယက် ဝယ်နေရတယ်”ဟု ကုန်စိမ်းရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကုန်စိမ်းဈေးများမှာ ပျမ်းမျှ ထက်ဝက်ခန့် ဈေးနှုန်းမြင့်တက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ပဲသီးတစ်ပိဿာ ငွေကျပ် ၈၀၀ မှ ငွေကျပ် ၁၆၀၀ ၊ မုန်ညင်း တစ်ပိဿာ ငွေကျပ် ၈၀၀ မှ ငွေကျပ် ၁၅၀၀ ၊ အာလူးတစ်ပိဿာ ငွေကျပ် ၈၇၀ မှ ငွေကျပ် ၁၀၅၀ အထိ လတ်တလော ဈေးနှုန်းပြောင်းလဲမြင့်တက်မှုများ ဖြစ်ပေါ်နေသည်။

“အာလူးတက်တယ်။ ကြက်သွန်တက်တယ်။ ပြီးခဲ့တဲ့အပတ်က ခရမ်းချဉ်သီး ဈေးကျတယ်။ အခုပြန်တက်တယ်။ အခိုက်အတန့် တက်တဲ့သဘောပါ။ ကားတွေ ပုံမှန်ပြန်ဝင်ရင်တော့ ပုံမှန်ဈေး ပြန်ဖြစ်လာမယ်လို့ ထင်ပါတယ် ”ဟု မကွေးမြို့ ကန်သာဈေးမှ ကုန်စိမ်းရောင်းဝယ်ရေး လုပ်ကိုင်သူ တစ်ဦးက ပြောသည်။

မကွေးတိုင်းဒေသကြီး၌ တိုင်းဒေသကြီးကျော်၊ ပြည်နယ်ကျော် ခရီးသည် တင်ယာဉ်လိုင်းပြေးဆွဲမှုကို ယာယီ တားမြစ်ထားပြီး မကွေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသည့် ကုန်ကားများကိုလည်း ချက်ချင်းဝင်ခွင့်မပေးဘဲ စစ်ဆေးရေးစခန်းများဖွင့်ကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား စစ်ဆေးလျက်ရှိသည်။ ရန်ကုန် အမျိုးသား ဓာတ်ခွဲခန်းသို့ ဓာတ်ခွဲနမူနာ ပေးပို့စစ်ဆေးချက် ရလဒ်များနှင့် Rapid Test Kit ကိရိယာဖြင့် အမြန်စစ်ဆေးမှုရလဒ်များအရ မကွေးတိုင်းဒေသကြီးတွင် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၇၇ဦး ရှိနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သိရသည်။

**ဇေယျာတု( မကွေး)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀)နာရီ

၁။ (၁၀-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၂,၁၅၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၃၃၁ |
| | | မင်္ဂလာဒုံ | ၂၁၁ |
| | | ရွှေပြည်သာ | ၁၇၂ |
| | | မြောက်ဥက္ကလာပ | ၁၅၈ |
| | | လှိုင် | ၈၇ |
| | | သန်လျင် | ၈၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၆၃ |
| | | သင်္ဃန်းကျွန်း | ၅၉ |
| | | တာမွေ | ၅၈ |
| | | အင်းစိန် | ၅၇ |
| | | အလုံ | ၅၃ |
| | | ဗဟန်း | ၄၆ |
| | | ကြည့်မြင်တိုင် | ၄၃ |
| | | သာကေတ | ၄၂ |
| | | မရမ်းကုန်း | ၃၉ |
| | | လမ်းမတော် | ၃၆ |
| | | ဗိုလ်တထောင် | ၃၄ |
| | | မင်္ဂလာတောင်ညွန့် | ၃၀ |
| | | ဒလ | ၂၇ |
| | | ဒေါပုံ | ၂၆ |
| | | ပန်းဘဲတန်း | ၂၅ |
| | | ပုဇွန်တောင် | ၂၅ |
| | | တောင်ဥက္ကလာပ | ၂၄ |
| | | စမ်းချောင်း | ၂၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၈ |
| | | ကမာရွတ် | ၁၆ |
| | | လသာ | ၁၅ |
| | | ကော့မှူး | ၁၄ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၃ |
| | | ဆိပ်ကြီးခနောင်တို | ၁၂ |
| | | လှည်းကူး | ၁၁ |
| | | မှော်ဘီ | ၁၀ |
| | | ရန်ကင်း | ၉ |
| | | ကျောက်တံတား | ၈ |
| | | ကွမ်းခြံကုန်း | ၈ |
| | | ဒဂုံဆိပ်ကမ်း | ၆ |
| | | တိုက်ကြီး | ၆ |
| | | ခရမ်း | ၅ |
| | | ဒဂုံ | ၄ |
| | | ကျောက်တန်း | ၂ |
| | | ထန်းတပင် | ၁ |
| | | သုံးခွ | ၁ |
| | | စုစုပေါင်း | ၁,၉၀၆ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၂၈ |
| | | နတ်တလင်း | ၁၀ |
| | | ညောင်လေးပင် | ၁၀ |
| | | ဖြူး | ၉ |
| | | အုတ်တွင်း | ၅ |
| | | ပြည် | ၅ |
| | | ဒိုက်ဦး | ၂ |
| | | သဲကုန်း | ၂ |
| | | ဇီးကုန်း | ၂ |
| | | ကဝ | ၁ |
| | | မိုးညို | ၁ |
| | | အုတ်ဖို | ၁ |
| | | ပေါက်ခေါင်း | ၁ |
| | | စုစုပေါင်း | ၇၇ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ပျော်ဘွယ် | ၁၃ |
| | | အောင်မြေသာစံ | ၅ |
| | | ညောင်ဦး | ၅ |
| | | အမရပူရ | ၄ |
| | | မဟာအောင်မြေ | ၃ |
| | | မြင်းခြံ | ၃ |
| | | နွားထိုးကြီး | ၃ |
| | | မိတ္ထီလာ | ၁ |
| | | ပုသိမ်ကြီး | ၁ |
| | | သပိတ်ကျင်း | ၁ |
| | | စုစုပေါင်း | ၃၉ |
| ၄။ | မွန်ပြည်နယ် | ကျိုက်ထို | ၂၀ |
| | | သံဖြူဇရပ် | ၄ |
| | | မော်လမြိုင် | ၃ |
| | | သထုံ | ၂ |
| | | စုစုပေါင်း | ၂၉ |
| ၅။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ၁၃ |
| | | ရေနံချောင်း | ၈ |
| | | မကွေး | ၂ |
| | | မင်းဘူး | ၁ |
| | | နတ်မောက် | ၁ |
| | | ငဖဲ | ၁ |
| | | စုစုပေါင်း | ၂၆ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မြန်အောင် | ၈ |
| | | မအူပင် | ၃ |
| | | ဟင်္သာတ | ၂ |
| | | ကျိုက်လတ် | ၂ |
| | | မော်လမြိုင်ကျွန်း | ၂ |
| | | ညောင်တုန်း | ၂ |
| | | ဘိုကလေး | ၁ |
| | | ဒေးဒရဲ | ၁ |
| | | အိမ်မဲ | ၁ |
| | | လပွတ္တာ | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၆။ | ရခိုင်ပြည်နယ် | စစ်တွေ | ၇ |
| | | ကျောက်ဖြူ | ၆ |
| | | ဘူးသီးတောင် | ၅ |
| | | မောင်တော | ၂ |
| | | ဗ | ၁ |
| | | ကျောက်တော် | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၂၃ |
| ၇။ | ချင်းပြည်နယ် | တွန်းဇံ | ၁ |
| | | စုစုပေါင်း | ၁ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | မင်းကင်း | ၁၆ |
| | | ကနီ | ၂ |
| | | ဟုမ္မလင်း | ၁ |
| | | စုစုပေါင်း | ၁၉ |
| ၉။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၂ |
| | | မြဝတီ | ၂ |
| | | ကော့ကရိတ် | ၁ |
| | | သံတောင်ကြီး | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၀။ | နေပြည်တော် | ဒက္ခိဏသီရိ | ၂ |
| | | ပျဉ်းမနား | ၂ |
| | | ပုဗ္ဗသီရိ | ၁ |
| | | စုစုပေါင်း | ၅ |
| ၁၁။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ဟဲဟိုး | ၁ |
| | | ကလော | ၁ |
| | | ရပ်စောက် | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး | ကျွန်းစု | ၁ |
| | | စုစုပေါင်း | ၁ |
| (၁၀-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၂,၁၅၈) ဦး |

မှတ်ချက်။ (၁၀-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၂,၁၅၈) ဦး တွင် အနံ့မရရှိသူ (၂၆၂) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ် - ၁၉ ရောဂါပိုး ရှိ မရှိစစ်ဆေး

**မိုးညှင်း အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အဝင် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေး ဂိတ်စခန်း၌ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိကို Rapid Test Kit ဖြင့် ယမန်နေ့က စစ်ဆေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ပြည်နယ်အစိုးရရဲ့ ညွှန်ကြားချက်အရ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးစက်အသစ်နဲ့ ကချင်ပြည်နယ် အဝင်ဂိတ်မှာ အောက်တို ဘာ ၉ ရက်က စတင်စစ်ဆေးခဲ့ပြီး အောက်တိုဘာ ၁၀ ရက်မှာ မော်ဟဲကျေးရွာအဝင်ကို သီးခြားစစ်ဆေးရေး စခန်းအဖြစ် စတင်ပြောင်းရွှေ့ပြီး စစ်ဆေးနေပါတယ်"ဟု အဆိုပါ ဂိတ်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးဘက်မှ ဝင်ရောက်လာသည့်ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား အောက်တိုဘာ ၉ ရက်မှစတင် စစ်ဆေးလျက်ရှိရာ အောက်တိုဘာ ၁၀ ရက်အထိ ကုန်တင်ယာဉ် ၃၈ စီးပေါ်မှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၇၅ ဦးတို့အားလုံးတွင် ရောဂါပိုးမတွေ့ရှိကြောင်း သိရသည်။

အဆိုပါ Rapid Test Kitဖြင့် စစ်ဆေးဆောင်ရွက်မှုကို မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုနှင့် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ ကိုးဦးပါဝင်သော ပူးပေါင်းအဖွဲ့တို့က စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိပါက ရောဂါပြင်းထန်မှုအပေါ် မူတည်၍ မိုးညှင်းခရိုင်ဆေးရုံကြီးနှင့် မြို့နယ်အတွင်း ဖွင့်လှစ်ထားသော အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို ခံယူရမည်ဖြစ်ကြောင်း သိရသည်။

**နီတိုး**




### COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် အောက်တိုဘာ ၁၁**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**



# မအူပင်ခရိုင် ပြည်သူ့ဆေးရုံကြီးတွင် အသုံးပြုနိုင်ရန် အသက်ရှူစက် လှူဒါန်း

**မအူပင် အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသည့် ပြည်သူများနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးကာလအတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာ အရေးပေါ်ပြည်သူများအတွက် အသုံးပြုရန် မေခအိမ်ရာ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သည့် အလှူရှင် ဦးတင်စိုးနှင့် ဇနီး ဒေါ်နန့်ဝါဝါဒွန်း၊ သား မောင်ဟိန်းထက်စိုး၊ မောင်ရှင်းသန့်စိုး မိသားစုက ငွေကျပ် ၁၇၈ သိန်း တန်ဖိုးရှိ အသက်ရှူစက် လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(မအူပင်)

# ကသာမြို့နယ် စာရေးဆရာအသင်းက နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ကသာ အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စာရေးဆရာအသင်းက ယနေ့ နံနက် ၈ နာရီတွင် ခရီးသွားများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

ထိုကဲ့သို့ပြုလုပ်ရခြင်းမှာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ပျံ့နှံ့နေချိန်တွင် ပြည်သူများ အဆိုပါရောဂါမှ ကာကွယ်မှုတစ်ခုရရှိစေရန် ယခုလို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နှာခေါင်းစည်းမတပ်ဘဲ သွားလာနေသူများကို အသိပညာပေးပြောခြင်း၊ ခရီးသွားများ၊ ဈေးသွား၊ ဈေးလာများ၊ ယာဉ်မောင်းများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းများကို ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုတွင် ပြည်သူများအား နှာခေါင်းစည်းများ ဒုတိယအကြိမ် အခမဲ့ဖြန့်ဝေနိုင်ရေးအတွက် ကသာမြို့နယ် စာရေးဆရာအသင်းက စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

❀ ***ကျောဖုံးမှ***

ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၀ ရက် ညနေ ၄ နာရီက တွေ့ဆုံရာ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွန့်၊ လားရှိုး ဆေးရုံအုပ်ကြီး ဒေါက်တာ ညဏ်မြင့်နှင့် တာဝန်ရှိသူများက အားပေးစကားများ ပြောကြားသည်။

ယင်းနောက် ခရီးစဉ်အတွင်း အသုံးပြုရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့်ပေးအပ်သည့် ကမ္ဘောဇဘဏ်လီမိတက်မှ ထောက်ပံ့ကူညီသည့် ရန်ကုန်မြို့သို့ သွားရောက်သူ ကျန်းမာရေးဝန်ထမ်းတိုင်းအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီနှင့် လားရှိုးမြို့ပေါ်ရှိ စေတနာရှင် အလှူရှင်များက ထောက်ပံ့ငွေနှင့် အခြား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

ရန်ကုန်မြို့သို့ သွားရောက်ကြမည့် သူနာပြုများမှာ တန့်ယန်း၊ ကွမ်းလုံ၊ မိုးမိတ်၊ ဟိုပန်၊ နောင်ချို၊ မဘိမ်း၊ နမ့်ဆန်၊ မိုင်းရယ်၊ သိန္နီ၊ ကွတ်ခိုင်မြို့နယ်တို့မှ နှစ်ဦးစီနှင့် လောက်ကိုင်မြို့နယ်မှ တစ်ဦး စုစုပေါင်း ၂၁ ဦး ဖြစ်ပြီး လားရှိုးမြို့မှ အောက်တိုဘာ ၁၀ ရက် ညနေ ၆ နာရီတွင် ထွက်ခွာသွားကြောင်း သိရသည်။

စိုင်းထွန်း (ပြန်/ဆက်)

# ထီးချိုင့်မြို့နယ် ကမ်းနီကျေးရွာမှ ယာဉ်နောက်လိုက်တစ်ဦး ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိ

**ထီးချိုင့် အောက်တိုဘာ ၁၁**

ကချင်ပြည်နယ် ရွှေကူမြို့ အောက်လေးလမ်းဆုံ စုပေါင်းစစ်ဆေးရေးဂိတ်တွင် ကုန်တင်ယာဉ် ၁၃ စီးမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၂၅ ဦးတို့ကို ရွှေကူမြို့နယ်ကျန်းမာရေးဦးစီးဌာနမှ Rapid Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးရာ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၂၄ ဦးတွင် ပိုးမတွေ့ရှိကြောင်းနှင့် ယာဉ်အမှတ် 8G/---- ၁၂ ဘီး ကုန်တင်ယာဉ် (ကုန်တင်ဆောင်ထားခြင်းမရှိ) ဖြင့် လိုက်ပါလာသူ ထီးချိုင့်မြို့နယ်နေသူ ယာဉ်နောက်လိုက်တစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူနှင့် ဆက်စပ်ထိတွေ့သူ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ကိုးဦးကို ရွှေကူမြို့ အ.ထ.က(၁)တွင် အသွားအလာကန့်သတ်ထားရှိရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရောဂါပိုးတွေ့သူနေထိုင်သည့် ကမ်းနီကျေးရွာသို့ ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ် တာဝန်ရှိသူများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကိုကိုနိုင်တို့က သွားရောက်စိစစ်ခဲ့ရာ အဆိုပါ ပိုးတွေ့လူနာနှင့် ထိစပ်နေထိုင်သူ မိသားစုဝင် ကိုးဦးနှင့် ငါးအိုးကျေးရွာ ဝပ်ရှော့သို့ သွားရောက်နေထိုင်စဉ် ထိတွေ့သူတစ်ဦး စုစုပေါင်း ၁၀ ဦးကို ကမ်းနီကျေးရွာအုပ်စု ကမ်းနီးကျေးရွာ ကျောင်းကြီးဘုန်းကြီးကျောင်း ဓမ္မာရုံ၌ စောင့်ကြည့်ထားရှိပြီး ရောဂါပိုးတွေ့ရှိသူကို ရွှေကူမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိရာ ကျန်းမာရေးကောင်းမွန်ကြောင်း သိရသည်။

ရဲလင်းထွန်း
(ထီးချိုင့်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မိုး/ဇလ



# ကိုယ်စားရည်၍

❖ အိမ်မှာနေရင်း . .
ဘေးကင်းရန်ကွာ၊ ကပ်ရောဂါမှ
မကြာကာလ၊ တွန်းလှန်ကြလျက်
ကင်းပစေကြောင်း၊ ဆုမွန်တောင်းမိ
ဆင့်လောင်း မေတ္တာပို့ပါ၏။

❖ အိမ်မှာနေရင်း . .
သတင်းတချို့၊ သူတို့သူတို့
ကိုယ့်မိတ်ဆွေများ၊ လွင့်ပါးခဲ့ကြ
ဘဝနိဂုံး၊ အဆုံးမှာပင်
နှုတ်ဆက်ချင်လည်း၊ မမြင်မတွေ့
အောက်မေ့လျက်သာ၊ ရော်ရမ်းပါမိ
ကောင်းရာဘုံဘဝ ရောက်ပါစေ..။

❖ အိမ်မှာနေရင်း . .
ပေါင်းသင်းမိတ်ဆွေ၊ ရောင်းရင်းတွေနှင့်
ထွေရာလေးပါး၊ စကားလက်ဆုံ
ပြောမကုန်ဘူး၊ ခုံမင်ခဲ့ကြ
ကာလများစွာ၊ တမ်းတပါမိ
ခုခါဝေးနေကြပြီလေ။

❖ အိမ်မှာနေရင်း . .
အချင်းချင်းပင်၊ တင်းမာခက်ထန်
မာန်တကြွကြွ၊ ဖြစ်ခဲ့ကြ၏
ဘဝအဓိပ္ပာယ်၊ နားမလည်သို့
ဘယ်အရာက၊ လူ့ဘဝ၏
သောကငြိမ်းရာ၊ ဆင်ခြင်ပါမိ
မေတ္တာသည်ပင် မဟုတ်လား။

❖ အိမ်မှာနေရင်း . .
ကျဉ်းထဲကျပ်ထဲ၊ ကာလထဲမှာ
အားခဲရုန်းထွက်၊ အဘက်ဘက်က
တက်ညီလက်ညီ၊ ကိုယ့်ပြည်ကိုယ့်ရွာ
အေးချမ်းသာဖို့ . .
ဝန်တာပေါင်းစည်း၊ ခရီးအတူ
သွင်မှုမပျက်၊ ဆက်လက်လျှောက်လှမ်း
ကြိုးပမ်းကြရာ၊ ပီတိဖြာမိ
ဒါသည်ပင်လျှင် ပြည့်အင်အား။

❖ အိမ်မှာနေရင်း . .
ပြင်းထန်သည့်ဒဏ်၊ ကပ်ဘေးရန်ကို
တွန်းလှန်ဆင်နွှဲ၊ ဖွဲ့ဝီရိယ
တက်ကြွစွမ်းအား၊ မှုမထားဘဲ
အားခဲကြိုးပမ်း၊ ဆေးဝန်ထမ်းတွေ
တစ်ထမ်းတစ်ရွက်
ထက်သန်ရိုင်းပင်း၊ ဆောင်ကြဉ်းနေကြ
မျှယူစိတ်ထား၊ လုပ်အားရှင်တွေ . .
အသင်တို့သည်၊ ကိုယ့်တိုင်းပြည်တွက်
ဦးလည်မသုန်၊ ပေးဆပ်ကုန်၏
ဂုဏ်ယူ ကျေးဇူးတင်ပါသတည်း။ ။

ဝင်းဝေနောင်

# ထားဝယ်မြို့နယ် ပညာရေးငွေစုငွေချေးအသင်းမှ အသင်းသားများအား ထောက်ပံ့

**နေပြည်တော် အောက်တိုဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပညာရေးငွေစုငွေချေး အသင်းသည် ယမန်နေ့က ကိုဗစ် -၁၉ ကာလအတွင်း အသင်းသားများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အသင်းသား ၁၄၅၀ ကိုတစ်ဦးလျှင် ပေါ်ဆန်းမွှေးခြောက်ပြည်တစ်အိတ်နှင့် ဆီတစ်ပိဿာနှုန်းဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၂၃၀ ခန့်ကို ထောက်ပံ့ပေးသည်။ (ဓာတ်ပုံ)



အဆိုပါ အသင်းတွင် အသင်းသား ၁၄၅၀ ရှိပြီး အသင်းသားများ ချေးငွေလိုအပ်သည့်အခါ အတိုးနှုန်း ၁ ဒသမ ၅၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်း တိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်ထံက သိရသည်။

**သီဟစည်သူ**

# ဆောမြို့နယ်ရှိ ကျေးရွာ ၁၈ ရွာ၌ ၂၄ နာရီ လျှပ်စစ်မီးရရှိ

**ဆော အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒေသခံများ လျှပ်စစ်ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဆောမြို့နယ်အတွင်း ကျေးရွာ ၁၈ ရွာ လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

အဆိုပါ လျှပ်စစ်မီးရရှိခဲ့သည့် ကျေးရွာများမှာ ရင်းခေါ၊ အကြည်ကတင်း၊ မင်းလယ်နှင့် ခွင်းချောင်းကျေးရွာတို့ကို အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး NEP Phase-1 စီမံကိန်းဖြင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော လယ်ရင်း၊ အညာကတင်း၊ ကံချောင်းကျေးရွာနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်နေသော ကျေးရွာ ၁၅ ရွာအနက်မှ ခူးချောင်း၊ ကြိမ်ချောင်း၊ ကျောက်စစ်၊ လက်မွန်၊ ကြံခင်း၊ ခင်ပြင်၊ လှော်ကား၊ ရင့်ရဲချောင်း၊ အင်ဘူး၊ ရင်းကဲ၊ ပိန်းချောင်းကျေးရွာတို့တွင် လျှပ်စစ်မီးလင်းရေး ထပ်မံဆောင်ရွက်ပြီးစီးသဖြင့် စုစုပေါင်းကျေးရွာ ၁၈ ရွာတွင် လျှပ်စစ်မီးရရှိနေပြီ ဖြစ်ကြောင်း၊ လျှပ်စစ်မီးမရရှိသေးသည့် ကျန်ရှိနေသော နတ်ကောင်းကျင်း၊ ဆွဲလွဲကျင်း၊ ဆီမီး၊ သိန်းကျင်းကျေးရွာတို့ကို ယခုလအတွင်း လျှပ်စစ်မီးအမြန်ရရှိစေရေး ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးဇော်ဝင်းက ပြောသည်။

**ဇော်မျိုးသန့်(ဆော)**

၂၀၂၀ ပြည့်နှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2020)

"ပေါင်းစည်းညီညွတ်သော စီမံဆောင်ရွက်မှုမှသည် သဘာဝဘေးလျှော့ပါးရေးဆီသို့"

"It's All About Governance"

အောက်တိုဘာလ(၁၃)ရက်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot - line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၁၀ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၇၉ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၀၉ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၃ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၅၆ . ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၀၈ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၉ . ၆၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၀ . ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၈၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၁ . ၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၈ . ၅၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၁၇၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၇၃၂ | ၇၃၂၀၀၀၀ |
| MTSH | ၃၇၀၀ | ၃၇၀၀ | ၁၃၄ | ၄၉၅၈၀၀ |
| MCB | ၈၀၀၀ | ၈၁၀၀ | ၅၃ | ၄၂၄၃၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၃ | ၆၆၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃ | ၈၂၅၀ |
| EFR | ၃၁၀၀ | ၃၀၅၀ | ၁၅၃ | ၄၇၂၁၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ ကမ္ဘာ့ဆရာများနေ့



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် ၁၉၆၇ ခုနှစ်ကစတင်ပြီး သတ်မှတ်ခဲ့တယ်။ အခုဆိုရင် နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီ။ ကမ္ဘာ့ဆရာများနေ့ကို ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၁၉၃ နိုင်ငံမှာ နေ့ထူးနေ့မြတ်အဖြစ်သတ်မှတ်ပြီး နိုင်ငံတော်အဆင့် အခမ်းအနားတွေ နှစ်စဉ်ကျင်းပခဲ့တယ်။ ဒီနှစ်အခမ်းအနားကို နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနမှာကျင်းပခဲ့တယ်။ ယခင် ယခင်နှစ်တွေမှာ ကျင်းပတဲ့ပုံစံမဟုတ်ဘဲ ကိုဗစ်ကပ်ရောဂါကြီးကြောင့် အွန်လိုင်းကတစ်ဆင့် ကျင်းပခဲ့ပါတယ်။ ဒီနှစ်အတွက် ဆောင်ပုဒ်က "ဦးဆောင်ကျော်လွှားကပ်ဘေးများ အနာဂတ်ပုံဖော်မည့် ဆရာများ" ဖြစ်ပါတယ်။**

အမှန်တော့ ကိုဗစ်-၁၉ ရဲ့ဒဏ်ကို ကမ္ဘာ့အသီးသီးမှာ ခံစားရတဲ့အထဲမှာ ပညာရေးကဏ္ဍအပေါ် ရိုက်ခတ်မှုတွေဟာ ပြင်းထန်လှတယ်။ မူလတန်းကစပြီး တက္ကသိုလ်အထိ ကျောင်းတွေပိတ်ခဲ့ရပြီး ကလေးသူငယ်တွေအနေနဲ့ အိမ်မှာနေပြီး ပညာသင်ကြားနေကြရတယ်။ တစ်ဖက်မှာလည်း အိမ်ကတစ်ဆင့် အလုပ်လုပ်နေကြရတဲ့ မိဘတွေဟာ အလုပ်တစ်ဖက်နဲ့ကလေးတွေရဲ့ ပညာရေးမပျက်အောင် ကြိုးစားနေကြရတာမို့ မိဘလုပ်သူတွေဟာ အဘက်ဘက်မှစိန်ခေါ်မှုတွေကို ရင်ဆိုင်ဖြတ်ကျော် ရပြန်တယ်။ အင်တာနက်ကို အားကိုးရတာမို့ ဆက်သွယ်ရေးအခြေခံအဆောက်အအုံတွေရဲ့ အနေအထားက အရေးပါလှပါတယ်။ ခေတ်မီနည်းပညာတွေနဲ့ လမ်းလှမ်းမမီတဲ့သူတွေ၊ မိသားစုတွေအတွက် အခက်အခဲတွေ ကြုံနေကြရတယ်။

### ကမ္ဘာ့ဆရာများနေ့အခမ်းအနား

အခမ်းအနားမှာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရဲ့မိန့်ခွန်းဟာ ပြီးပြည့်စုံလှပါတယ်။ ဆရာများကို ဂုဏ်ပြုအသိအမှတ်ပြုတဲ့ ကမ္ဘာ့ဆရာများနေ့မှာ ဆရာတွေရဲ့ ဂုဏ်အကြောင်းကို ဝေဝေဆာဆာပြောခဲ့တယ်။ တစ်ချိန်တုန်းက ဝါသနာ၊ စေတနာ၊ နစ်နာမှုကိုသာ ပြောကြပေမယ့် ပြည်ထောင်စုဝန်ကြီးက မေတ္တာဆိုတာကိုထည့်ပြီး မြန်မာယဉ်ကျေးမှုနဲ့ကိုက်ညီလှတဲ့ သင်ဆရာ၊ ကြားဆရာ၊ မြင်ဆရာအကြောင်း ဖော်ထုတ်သွားခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီး မိန့်ခွန်းအပြီးမှာ မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာ ကြည့်ရှင်က နိုင်ငံတကာအဖွဲ့အစည်းငါးခုရဲ့ ခေါင်းဆောင်များ ထုတ်ပြန်ခဲ့တဲ့သဝဏ်လွှာကို ဖတ်ကြားခဲ့ပါတယ်။ ကမ္ဘာ့ဆရာများနေ့ကို ထောက်ခံအားပေးနေတဲ့ အဖွဲ့အစည်းတွေက ဖြစ်တယ်။

အခမ်းအနားရဲ့ တတိယအစီအစဉ်မှာ ၂၀၂၀ ပြည့်နှစ်အတွက် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ၁၄ ဦး၊ ကျောင်းပျက်ရက်မရှိကြတဲ့ဆရာမကြီးများနဲ့ ရခိုင်ပြည်နယ်မှာစွန့်စားပြီး တာဝန်ယူခဲ့တဲ့ ဆရာ ဆရာမနဲ့ ဝန်ထမ်းတွေရဲ့စာရင်းကို ဖတ်ကြားပေးခဲ့တယ်။ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ၁၄ ဦးရဲ့အမည်ကို ကြေညာရာမှာ ဓာတ်ပုံနဲ့တကွကိုယ်ရေးရာဇဝင်အကျဉ်းကိုလည်း ပညာရေးသုတေသနအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ဖတ်ကြားခဲ့ပါတယ်။

ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ၁၄ ဦးအနက် ၆ ဦးက အခြေခံပညာရေးမှာ တာဝန်ယူခဲ့တဲ့ ဆရာ၊ ဆရာမတွေဖြစ်တယ်။ နှစ်ပေါင်းများစွာ စေတနာ၊ ဝါသနာနဲ့ အနစ်နာခံတဲ့ ဆရာမကြီးတွေအကြောင်း သိရတာမို့ လေးစားမိပါတယ်။ အမှန်တော့ အခြေခံပညာရေးလုပ်ငန်းတွေမှာ တာဝန်ယူခဲ့တဲ့၊ ယူနေကြတဲ့ဆရာ၊ ဆရာမတွေဟာ တိုင်းပြည်ရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေဖြစ်တယ်။ အသက်တွေက မငယ်ကြတော့ဘူး၊ ၈၀ ကျော်တွေ။ ကျန်တဲ့ ရှစ်ဦးကတော့ တက္ကသိုလ်က ဆရာ ဆရာမကြီးတွေ ဖြစ်တယ်။ ကျွန်တော်က ဒီအထဲမှာ ပါဝင်ပြီး ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီးအဖြစ် သတ်မှတ်ခြင်း ခံခဲ့ရတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေက ကျွန်တော့်ထက် အသက်ကြီးတဲ့သူတွေ ပါဝင်ပြီးတော့ တချို့က သက်တူရွယ်တူ လုပ်ဖော်ကိုင်ဖက်တွေ ဖြစ်တယ်။

အခုလိုအသိအမှတ်ပြုခံရတဲ့အချိန်မှာ ကွယ်လွန်သွားတဲ့ မိဘနှစ်ပါးကို အမှတ်ရမိပါတယ်၊ သတိရမိတယ်။ သူတို့ရဲ့ကျေးဇူးကြောင့် ကျွန်တော်တို့မောင်နှမတွေ ပညာကောင်းကောင်း သင်ကြားခွင့်ရခဲ့တယ်။ ဒီအခြေခံတွေဟာ ကျွန်တော့်ရဲ့ ပညာရေးခရီးရဲ့ အုတ်မြစ်တွေသာ ဖြစ်တယ်။ ငယ်ငယ်ကတည်းက အခုချိန်ထိ သင်ဆရာ၊ မြင်ဆရာနဲ့ ကြားဆရာတွေကိုလည်း ဂါရဝပြုမိပါတယ်။ မူကြိုကျောင်းကို ရန်ကုန်မြို့ပြည်ထောင်စု ရိပ်သာလမ်းမှာ တည်ရှိတဲ့ လေဒီပေါ်ထွန်းကျောင်းမှာ တက်ခဲ့တယ်။ အဲဒီအချိန်တုန်းက နာမည်ကြီးတဲ့ကျောင်း။ လေဒီ ပေါ်ထွန်းက အင်္ဂလိပ်လူမျိုး၊ သူ့ရဲ့ခင်ပွန်းက နန်းရင်းဝန် ဆာပေါ်ထွန်း။ တစ်ချိန်က နိုင်ငံရဲ့ခေါင်းဆောင်။ မူကြိုပြီးတော့

> **"ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ၁၄ ဦးအနက် ၆ ဦးက အခြေခံပညာရေးမှာ တာဝန်ယူခဲ့တဲ့ ဆရာ ဆရာမတွေ ဖြစ်တယ်။ နှစ်ပေါင်းများစွာ စေတနာ၊ ဝါသနာနဲ့ အနစ်နာခံတဲ့ ဆရာမကြီးတွေအကြောင်း သိရတာမို့ လေးစားမိပါတယ်။ အမှန်တော့ အခြေခံပညာရေးလုပ်ငန်းတွေမှာ တာဝန်ယူခဲ့တဲ့၊ ယူနေကြတဲ့ ဆရာ၊ ဆရာမတွေဟာ တိုင်းပြည်ရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာတွေဖြစ်"**

အင်္ဂလိပ်မက်သဒ်အထက်တန်းကျောင်းကို ပြောင်းခဲ့တယ်။ ကျောင်းအုပ်ဆရာမကြီးက မစ္စလိုဂီး။ ဗြိတိန်နိုင်ငံသူ၊ စည်းကမ်းကြီးတယ်။ ကျွန်တော်တို့မောင်နှမတွေရဲ့ ဗိုလ်နာမည်တွေကိုပေးခဲ့သူ။ ဘဝတစ်လျှောက်လုံး ယခုအချိန်အထိ ဆရာ ဆရာမကြီးများဟာ ကျွန်တော့်ကို ညွှန်ပြခဲ့တယ်၊ သင်ပေးခဲ့ပါတယ်။ သူတို့ရဲ့ကျေးဇူးတွေကြောင့် ကျွန်တော်ဒီအခြေအနေရောက်နေတာသာ ဖြစ်ပါတယ်။

### ကျွန်တော့်ရဲ့ဆရာဘဝ

ကျွန်တော့်ရဲ့ဆရာဘဝကို သုံးသပ်ရာမှာ အစိတ်အပိုင်းမျိုးစုံရှိခဲ့တာကို သုံးသပ်မိတယ်။ စီးပွားရေးတက္ကသိုလ်မှာ ၁၉၆၆ မှ ၁၉၈၉ ခုနှစ်အထိ တာဝန်ယူခဲ့စဉ်ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ၁၉၆၆ မှ ၁၉၇၁ နဲ့ ၁၉၇၇ မှ ၁၉၈၉ နှစ်ပိုင်းခွဲရမှာဖြစ်တယ်။ ၁၉၆၆ မှ ၁၉၇၁ က ကျွန်တော်က နည်းပြဆရာ။ တက္ကသိုလ်မှာ ဆရာလုပ်ရတာကို ကျေနပ်မိတယ်။ ကျွန်တော်က စာသင်တာဝါသနာပါတယ်။ အားထည့်ပြီး ကြိုးစားတယ်။ နည်းပြဆရာ ပေါက်စမို့ ကျောင်းသား ၃၀ ကျော်ကိုသာ တာဝန်ယူရတယ်။ ဒါပေမယ့် တဖြည်းဖြည်းနဲ့ နာမည်ရလာပြီး ကျွန်တော့်အခန်းမှာ တခြားအခန်းက ကျောင်းသားတွေ လာတက်ကြတယ်။ နှစ်နှစ်ကျော်ကာလမှာ အခန်းကြီးတွေမှာ စာသင်ခွင့်ရခဲ့တယ်။ ကျွန်တော့်အတန်းကို အလုအယက်တက်ကြတယ်။ ကြိုပြီးနေရာယူထားကြတယ်။ ကျွန်တော်က အခုလိုလုပ်ရတာကို အားရတယ်။ စာမေးပွဲနီးကပ်တဲ့အချိန်တွေမှာ အနီးကပ်သင်တန်းတွေပေးခဲ့တယ်။ နေ့ဘက်မှာ စာသင်ရတာအားမရလို့ ညဘက်တွေမှာ အဆောင်တွေမှာလည်း စာသင်ပေးခဲ့တယ်။

